# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၃၊ အမှတ်(၂)၊ ၂၀၁၆ ခုနှစ် (ဧပြီ-မေ-ဇွန်)




စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ / ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

MOPF

# မိခင်/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၃၊ အမှတ်(၂)၊ ၂၀၁၆ ခုနှစ်၊ ဧပြီ-မေ-ဇွန်

## rmwdum


| uAsmu@ | | |
|---|---|---|
| wdkm;wuúokvf C.S.O | oef;xdkufOif; | 1 |
| zm;aoXme taxG taxGuD|S | oef;xdkufOif; | 2 |
| **aqmif;yg;u@** | | |
| (21)&mpkESpf ravSvHkjcif;ESifh bGJUpnf;yHkzGJUpnf;ap&ef | a'gufwmcifOD;arm if | 3 |
| jrefrmhtm&if;tif;rsm; ESifh ua|ref;rsm;\ qufoG,f | oef;rif;OD | 9 |
| A[dkcsKyf&if;tif; zGJUpnf;C.S.O &uf(100) | Regional, C.S.O | 13 |
| EdkifiHwumrsm;pDrHcef;cGJrIAs | vSat; | 16 |
| toufOD;ESifh EkdifiHolrsm;\ armifrjyKvkyfrsm; | xifat mif;cZmf | 19 |
| b0taxax(1) | aumfef; ñefu m;a&;rSL;(if;) | 22 |
| jrefmEkdifiHwuf m&ESifhzGJUa&;bPf\ aqmif;&ufcsufrsm; | a'gufwmyif;vIkt; | 27 |
| ukefo ,fvdkufyjcif;\ taumif;t qkd | apmEkdif (t ok;daboma'') | 32 |

| | | |
|---|---|---|
| jynfbl Ywufjref&m&ift if t cufü v ufm; 0efaq mif ;pepf MMSIS | r , k (C.S.O) | 34 |
| yn&yfqkd&m oawoevk&m0 , f | pef , ak tmif | 37 |
| oduif ;p&mp0fqufjywfzHG ;wdk; yef;wdkrf; (SDGs) | an mifwdk | 39 |
| uef ;rma&;ESihf Pfcef | eE0if (aq;-1) | 47 |
| EpfzujrifolykyefvS | armijrifjnwf (pDym;a&;wuó okd) | 50 |
| awmifolv , fbrm;wdkY b0zHG ;wdk;wufapzdkY | a'guf vmpef xef | 53 |
| EdkifilEdkifil m;rm; \ aym&if rI t wuf ydkzmf x kqpfv m onf ukd D , m; tpdk&k | rifrif | 56 |
| ou&Sufref ;u if vpf&yfvk ;a&&Sfwnf wapzdkY opfawm opf ifm;p0fqufjywfpdkufydk;cke fod ;fuy pdk Y | idfpkom | 59 |
| uef u pDHedyarmif | armifv if (ork&f) | 63 |
| jrefmjyn ajrmuf m;u opfceuf w&Sm qD | oef0if (yD D | 66 |
| rkyHl azmif | rkd (DSPE) | 70 |
| ac;½la&m*EHS av v ifac;jy ó em | zkfoef (C.S.O) | 73 |
| rdiay;aompdbrfa& | 0if0if0 | 77 |

# ykEdKrSwfwrf;

rl;uf&Sdm;rdK - pD*Hzlzd

twif;t jyif;t qif - [ej;rif;rkd;

pmrl;ifjyc;uft rSwf - 5300070114

xkwf0ol - 0,Dpdif
ñefu m;a&;rL;(okwoeE Sifhzlzda&;Xme)
A [kdm&if;t if;t zU
pDHudef;E Sifh@ma&;0efuD;Xme/

ykEdKol - 0,Dwfxef;aumf
aumrwfpf*sme , ykEdKwkdkf(r-09744)
r*vmawmif ñefrU, f&efukef;rdkU

tkyfa& - 500

wefzk; -

# wdkYsm;wuúokYf CSO

CSOတဲ့ကျောင်းတော်သာ
တို့တွေရောက်ရှိလာ
စာရင်းအင်းများကောက်ရန်အတွက်
နေပြည်တော်မှာသင်တန်းတက်. . . .

Statistics တွေသင်လို့သာ
တို့တစ်တွေကသင်တန်းမှာ
CPI ကို မတွက်တတ်
RI ကတော့ ခပ်ကြပ်ကြပ်. . . .

Vital စာရင်းသွင်းဦးဗျာ
ဖွားသေကလည်း တစ်မျိုးပါ
ပုံစံ (၈) မျိုးအလွတ်ကျက်
ချာလည်လည်နေလျက်. . . .

ကျောင်းသားဆရာအချိုးရှာ
ကျောင်းနေနှုန်းကြမ်းရာ
သက်ကြီးသက်ငယ်အလွန်ရှုပ်
ခေါင်းကိုနာနာကုပ်. . . .

ကျား မ အချိုးတွက်စမ်းပါ
မတွေ့များပြန်ရာ
လူဦးရေတိုးနှုန်းအလွန်ရှုပ်
အလုပ်လက်မဲ့တို့မဟုတ်. . . .

ကိန်းများကိုလည်း သင်ရတာ
ဗဟိုညွှန်းကိန်းအတိုင်းတာ
Mean, Medium, Mode တွေတွက်
ကိန်းစဉ်များလည်း လိုက်လို့မှတ်. . . .

Survey ကောက်မယ် Census ရယ်
မလုပ်ဖူးတော့ ခက်မယ်ကွယ်
အဆင့် (၈) ခုအလွတ်ကျက်
DTCE, CADA မှတ် -------

Year Book လည်းဖတ်ဦးကွာ
CSO ကပြုစုတာ
SMEI ဆိုတာလည်း
တို့တစ်တွေလုပ်မှာပဲ. . . .

အွန်လိုင်းကိုလည်း သုံးကြည့်ပါ
CSO ရဲ့ Websiteမှာ
တစ်နိုင်ငံလုံးရဲ့ စာရင်းအင်း
MMSIS မှာတင်ပြရင်း. . . .

နိုင်ငံတော်ကြီးဖွံ့ဖြိုးရာ
စာရင်းအင်းက အရေးကြီးတာ
စာရင်းအင်းများ မှန်ကန်မှ
စီမံကိန်းများ ကောင်းမည်ပ. . . .

စီမံကိန်းများ ကောင်းမွန်သော်
နိုင်ငံတော်ကြီး ဖွံ့ဖြိုးမနော်
စီမံကိန်းအချက်အလက်များ မှန်ကန်ရေး
CSO က ထောက်ပံ့ပေး. . . .

ကျောင်းကြီးမှာတဲ့တို့ဆုံလာ
ကြိုးစားရဦးမှာ
အုပ်တစ်ချပ်ကယ်သဲတစ်ပွင့်
CSO ရဲ့ ဂုဏ်ကိုမြှင့်
တို့တွေအားခွန်သစ်. . . .

အရာအားလုံးကို ကောင်းစေချင်သူ
| သိန်းထိုက်ဝင်း |
(Mr. Friday ဖိုးသောကြာ)

# ဖွားသေဌာန အရေးကြီးလှ

ဖွားသေစာရင်းဌာနဟာ
CSO မှာ တည်ရှိတာ
တစ်နိုင်ငံလုံးရဲ့ ဖွားသေစာရင်း
ပြုစုပေးမယ်ရှင်းရှင်းလင်း. . . .

၁၀၁ လေး ဖြည့်ပေးပါ
ပူတူတူးလေးမွေးတဲ့အခါ
ဒယ်ဒီမာမီအမည်လေး
လူမျိုးဘာသာရွေးလို့ပေး. . . .

ပူတူတူးလေး မွေးနေ့ရာ
မမှားဖို့တော့လိုမယ်ကွာ
ကျား/မ လေးလည်း ရွေးလို့ပေး
ကိုယ်အလေးချိန် ဂရမ်ရေး. . . .

အခြားအချက်များ ပြည့်စုံစွာ
ဖြည့်သွင်းလို့တဲ့ပြီးရင်ကွာ
၁၀၃ လေး ထုတ်လိုပေး
အရှင်မွေးလက်မှတ်ခေါ် သလေး. . . .

အသေမွေးလည်း ထို့အတူပါ
အချက်အလက်များဖြည့်ပေးပါ
၁၅၃ လေးထုတ်လို့ပေး
အသေမွေးလက်မှတ်ခေါ် သလေး. . . .

၂၀၁ လေးဖြည့်လိုက်ပါ
တစ်ဦးတစ်ယောက်သေတဲ့အခါ
သေသည့်ရက်နှင့်အချိန်လေး
အလုပ်အကိုင်များဖြည့်လို့ပေး. . . .

သေသည့်အကြောင်း ရေးပေးပါ
အိမ်ထောင်ရေးလည်း ဖြည့်ဦးကွာ
ကျန်သည့်အချက်များ ဖြည့်လို့ပေး
၂၀၂ မှာရှင်းလင်းရေး. . . .

အချက်အလက်များ ပြည့်သည့်အခါ
သေဆုံးလက်မှတ်ထုတ်ပေးမှာ
၂၀၃ လို့ အမည်ပေး
ထုတ်ပေးရမှာစဉ်မနှေး. . . .

သင်္ဂြိုဟ်ဖို့အတွက် ထောက်ခံစာ
တင်ပြရသည့်နေရာမှာ
သင်္ချိုင်းလက်မှတ်ခေါ် တွင်သေး
၂၀၄ ကိုထုတ်လို့ပေး. . . .

ဖွား/သေလက်မှတ်ရဖို့ရာ
ကျန်းမာရေးက စုစောင်းတာ
ထိုစာရင်းများ မှန်ကန်ရေး
CSO က ဆောင်ရွက်မနှေး. . . .

ဌာနနှစ်ခုပူးပေါင်းရာ
CSOကအရေးကြီးတာ
မွေး/သေနှုန်းကြမ်းမှန်ကန်ရေး
ဖွား/သေကနေတွက်ထုတ်ပေး. . . .

လူမှုအဆင့်အတန်းတိုင်းထွာရာ
ဖွား/သေစာရင်းက အရေးကြီးတာ
တစ်နိုင်ငံလုံးအတိုင်းအတာမှန်ကန်ရေး
CSO က တွက်ချက်ပေး. . . .

နိုင်ငံတော်ကြီး ဖွံ့ဖြိုးရာ
ဖွား/သေကလည်း အရေးကြီးတာ
ပေါ် လစီများ မှန်ကန်ရေး
CSO က ထောက်ပံ့မနှေး. . . .

တို့တစ်တွေလည်း ထို့အတူပါ
ဖွား/သေစာရင်းမှန်ဖို့ရာ
တက်ညီလက်ညီဆောင်ရွက်ရေး
စိတ်နှစ်ထားဖို့ စဉ်မနှေး . . . .

အရာအားလုံးကို ကောင်းစေချင်သူ
| သိန်းထိုက်ဝင်း |
(Mr. Friday ဖိုးသောကြာ)




# ၂၁ ရာစု အမြဲလေ့လာသင်ယူနေသည့်


## အဖွဲ့အစည်း ဖြစ်ပေါ်စေရန်

| ဒေါက်တာ ဝါဝါမောင် |

၂၁ ရာစုတွင် နိုင်ငံများ၏ စီးပွားရေးနှင့် လူမှုရေး သာယာဝပြောမှုများရရှိနိုင်ရန် ယနေ့မြန်ဆန်စွာ ပြောင်း လဲနေသော ကမ္ဘာကြီးတွင် မိမိနိုင်ငံသားအားလုံး၏ အရည်အသွေးနှင့် စွမ်းရည်ကို မြှင့်တင်နိုင်ရန်အတွက် ပညာရေး အခွင့်အလမ်း ဖန်တီးပေးနိုင်မှု စွမ်းရည်အပေါ် များစွာမူတည်နေပေသည်။ ပညာရေးသည်လူတို့၏ တိုးတက်မှုအတွက် အလွန်အရေးပါသော ကဏ္ဍဖြစ်သဖြင့် လူသားများတိုးတက်မှု၏ အသည်းနှလုံး (Heart of Human Progress)ဟု တင်စားနိုင်ပေသည်။

၂၁ ရာစုပညာရေးသည် ပြောင်းလဲမှုများကို ရင်ဆိုင်နိုင်ရန် အသင့်ဖြစ်ပေါ်စေသော တီထွင်ဖန်တီးမှု ရှိသည့် လူ့အဖွဲ့အစည်း (innovative society) ဖြစ်စေရန် ဖန်တီးဖို့ လိုအပ်ပေရာ တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့အစည်း ( Innovative society )သည် မိမိလူ့အဖွဲ့အစည်းရှိ လူတိုင်းကို ပြုပြင်ပြောင်းလဲမှု (Change) အား လက်ခံကျင့်သုံးနိုင်ရေးအတွက် အမြဲတမ်း ပြင်ဆင်ပေးနိုင်ရန် ကြိုးပမ်းရပေမည်။ တီထွင်ဆန်းသစ်မှုရှိသော လူ့အဖွဲ့အစည်းကို ရရှိနိုင်ရန် ဗဟုသုတတြိဂံ (Knowledge triangle)ဖြင့် တည်ဆောက်သွားနိုင်ပေသည်။ ထိုဗဟုသုတတြိဂံတွင် ပညာရေး (Education)၊ သုတေသန (Research) နှင့် တီထွင်ဆန်းသစ်မှု ( Innovation)တို့ ပါဝင်ပေသည်။ ထို့ကြောင့် လူ (people)၊ စွမ်းရည် (Skill)နှင့် သုတေသန (Research)တို့တွင် အပြည့်အဝ ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း တွေ့ရှိရသည်။ ပညာရေးစနစ် ပိုမိုခေတ်မီလာစေခြင်းသည် ဗဟုသုတကို အခြေခံသော စီးပွားရေး (Knowledge Based Economy) ၏ လိုအပ်ချက်များအတွက် ပိုမို ကိုက်ညီစေနိုင်သည်။

**ဗဟုသုတတြိဂံ** (Knowledge triangle)




အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု (Institutional Development)သည် အပြောင်းအလဲများ (Changes) အား မည်ကဲ့သို့စီမံခန့်ခွဲသနည်းဆိုသည်နှင့် ဆက်နွယ်မှုရှိနေပေသည်။ အပြောင်းအလဲ စီမံခန့်ခွဲမှု (Change Management) ကိုကောင်းစွာစီမံခန့်ခွဲနိုင်မှသာ အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှု (Institutional Development)ဖြစ်ပေါ်လာမည်ဖြစ်သည်။ အပြောင်းအလဲ စီမံခန့်ခွဲမှု (Change Management ) တွင် စီမံကိန်း (Planning)၊ အကောင်အထည်ဖော်ဆောင်မှု (Implementation)၊ ဆက်သွယ်ဆောင်ရွက်ခြင်း (Communication)၊ တိုင်းတာခြင်း (Measurement)၊ ပါဝင်ဆောင်ရွက်ခြင်း (Involvement) စသည့်အစီအစဉ်များပါဝင်သည်။ အပြောင်းအလဲ (Change)ကို ကောင်းစွာစီမံခန့်ခွဲနိုင်မှသာ (၂၁) ရာစုတွင် အောင်မြင်နိုင်ပေမည်။

Henery Steele Commerger ၏ အဆိုအရ ပြောင်းလဲမှုများပြုလုပ်တိုင်းလည်း တိုးတက်မှုမဖြစ်ပေါ်နိုင်ပါ။ သို့သော် တိုးတက်မှုဖြစ်ပေါ်ရန် ပြောင်းလဲမှု လိုအပ်သည်။ ပညာရေးသည်ပြောင်းလဲမှုအတွက် မရှိမဖြစ် လိုအပ်လျက်ရှိသည်။ ပညာရေးသည် လိုအင်ဆန္ဒအသစ်များကို ဖြစ်ပေါ်စေကာ ၎င်းတို့ကိုလည်း ကျေနပ်နှစ်သိမ့်စေနိုင်သည်။ (Change does not necessarily assure progress, but progress implacably requires change. Education is essential to change, for education creates both new wants and the ability to satisfy them.)

ပြောင်းလဲမှုများသည် လိုလားအပ်သော်လည်း လွယ်လွယ်လေးနှင့် မဖြစ်နိုင်ပေ။ (၂၁)ရာစု သင်ယူမှုကို အကောင်အထည်ဖော် လုပ်ဆောင်ရန်အတွက် ပြောင်းလဲမှုကို ချောမွေ့စွာဖြစ်ပေါ်နိုင်စေရန် အကောင်းဆုံးသော နည်းလမ်းများကို ရှာဖွေကြရမည်ဖြစ်သည်။

ပြောင်းလဲမှုကို အဘယ်ကြောင့်လက်မခံနိုင်ကြသနည်းဟူသည်မှာ စဉ်းစားစရာပင်ဖြစ်သည်။ ပြောင်းလဲမှုကို လက်မခံရခြင်းမှာ အဟောင်း၏ အနေအထား (old stance)ကိုမစွန့်လွှတ်ချင်သေး၍ဖြစ်သည်။ အပြောင်းအလဲတစ်ခုကိုကြုံတိုင်း အခက်အခဲ၊ အကျပ်အတည်းများဖြင့် ရင်ဆိုင်ကြုံတွေ့ရမည်ဖြစ်သည်။ အခက်အခဲ၊ အကျပ်အတည်းများကို ရင်ဆိုင်ကြုံတွေ့တိုင်း လူအမျိုးအစား နှစ်မျိုးကို ခွဲခြားတွေ့မြင်နိုင်ပေသည်။ ပထမလူအမျိုးအစားသည် အကျပ်အတည်းများကိုပြဿနာဟု သဘောထားပြီး အနှုတ်လက္ခဏာဆောင်သော အဆိုးမြင်စိတ်ဓာတ်ဖြင့် ပြုပြင်ပြောင်းလဲလိုစိတ် မရှိပေ။ ပြောင်းလဲမှုကို လက်မခံနိုင်သောသူများ ဖြစ်သည်။ ထိုသူများကို ပြုပြင်ပြောင်းလဲမှုကို ငြင်းဆန်သောလူများ (Reactive person)

ဟု ခေါ်ဆိုနိုင်သည်။ ဒုတိယလူအမျိုးအစားသည် အကျပ်အတည်းများကို စိန်ခေါ်မှုဟုမြင်ပြီး အကောင်းမြင်စိတ်ဓာတ်ဖြင့် ပြောင်းလဲမှုကို ကြိုးစားလက်ခံရင်ဆိုင်မည့် Proactive Person များ ဖြစ်သည်။ ထို့ကြောင့် လောကကို အကောင်းမြင်တတ်ပြီး ပြုပြင်ပြောင်းလဲလိုစိတ်ရှိကာ အခက်အခဲ အကျပ်အတည်းများကို ရင်ဆိုင်နိုင်မှုစွမ်းအား အပြည့်အဝရှိသော Proactive Person များဖြစ်ရန် လိုအပ်သည်။




Positive Vs. Negative Attitude


Ethel Barrymore ၏အဆိုအရ သင်သည် တစ်နေ့ထက်တစ်နေ့၊ တစ်နှစ်ထက်တစ်နှစ် သင်သိရှိလေ့လာခဲ့သည့်အသိဉာဏ်ပညာကို အတတ်နိုင်ဆုံး ဖြန့်ကျက်ပါ။ အရာဝတ္ထုများကို ပိုပြီးချစ်တတ်လေလေ၊ ပိုပြီး စိတ်ဝင်စားမှုများ ရှိလေလေ။ ထိုအကြောင်းအရာနှင့်ပတ်သက်ပြီး အသိပညာပြည့်စုံမှု၊ ပြည့်ဝမှုရှိလေလေပင်ဖြစ်သည်။ ဤအရာများသည် တစ်စုံတစ်ရာဖြစ်လျှင် ကျန်ရစ်ခဲ့သည့် အရာများပင် ဖြစ်သည်။ (You must learn day by day, year by year, to broaden your horizon. The more things you love, the more you are interested in, the more you enjoy, the more you are indignant about. These are you have left when anything happens.)

Marian Wright Edelmer ၏ အဆိုအရ "ကျွန်ုပ်တို့သည် မိမိပတ်ဝန်းကျင်ရှိပတ်သက်သမျှ အရာ အားလုံး၏ ဗဟုသုတများကို ရှာဖွေလိုစိတ်မှာ အာသာ ငမ်းငမ်း ရှိနေလှသည်။ ပိုရလေလေ၊ ပိုလိုလေလေပင် ဖြစ်သည်။ ပိုမြင်တတ်လာလေလေ၊ ရှုမြင်နိုင်စွမ်းပိုရှိလာ လေလေဖြစ်သည်။"( We have a hunger of the mind which asks for knowledge of all round us, and the more we gain, the more is our desire, the more we see, the more we are capable of seeing.) ပညာရေးသည် အခြားသူများ၏ ဘဝကို တိုးတက်စေပြီး လူ့အဖွဲ့အစည်းနှင့် ကမ္ဘာကြီးအတွက် မိမိမြင်တွေ့ခဲ့သမျှ အခြေအနေထက် ပိုမိုကောင်းမွန်စေသည်။ (Education is for improving the lives of others and for leaving you community and world better than you found it.) "ဟုဆိုခဲ့သည်။

ယခုအခါတွင် တစ်သက်တာ လေ့လာသင်ယူမှု (Life-Long Learning) ဖြင့် လေ့လာနေရန် လိုအပ်ပေသည်။ John Powell ၏ အဆိုအရ မည်သည့်အရာကိုမျှ လေ့လာသင်ယူမှုမပြုခြင်းသည် တကယ့်အမှားပင်ဖြစ်သည်။ (The real mistakes is the one from which we learn nothing.)

Richard Baker ၏ အဆိုအရ သင်ယူခြင်းသည် ကျွန်ုပ်တို့သိရှိပြီးသမျှကို ရှာဖွေဖော်ထုတ်ခြင်း ဖြစ်သည်။ လုပ်ဆောင်ခြင်းသည် မိမိသိရှိကြောင်းကို သရုပ်ဖော်ပြသ ခြင်းပင်ဖြစ်သည်။ သင်ကြားခြင်းသည် သင်သိသလို အခြား သူများ သိရှိစေရန် သတိပေးနေခြင်းဖြစ်သည်။


သင်တို့အားလုံးသည် တစ်ချိန်တည်း တစ်ပြိုင်တည်းပင် ခေါင်းဆောင်များ၊ လုပ်ဆောင်နေသူများ၊ ဆရာများသာလျှင် ဖြစ်သည်။




(Learning is finding out what we already know. Doing is demonstrating that you know it. Teaching is reminding others that they know just as well as you. You all are leaders, doers and teachers.)




လူနေမှုဘဝတွင် အပြောင်းအလဲများ ဖြစ်ပေါ်နေချိန်တွင်ပညာရေးနှင့် ဘဝမှာ ချိတ်ဆက်မိနေရမည်။ လူတို့၏ဘဝသည် ပြောင်းလဲနေပြီး ပညာရေးမှာ နောက်ကျကျန်နေခဲ့၍ မရသည်ကိုတွေ့ရှိရပေသည်။ အမှန်တကယ်တွင် ပညာရေးသည် ရှေ့ကပြေးနေသင့်ပေသည်။ မူလကသိရှိပြီးသား အဟောင်းတွေချည်းကိုပဲ သင်နေ၍မရပါ။ ပညာရေးဟူသော သဘောသည် ရှေ့ပြေးအသိပညာများကို ဖွေရှာပြီး လူတို့ကိုရှေ့ဆောင်လမ်းပြနိုင်ရပေမည်။




နိုင်ငံတစ်နိုင်ငံ၏ ပညာရေးသည် လုပ်သားဈေးကွက် (Labour market)မှ တောင်းဆိုလာသော အသိဉာဏ်ပညာ၊ ကျွမ်းကျင်မှု၊ နည်းပညာတို့ကိုထောက်ပံ့ပေးနိုင်စွမ်းရှိရန် လိုအပ်လှပေသည်။ (၂၁)ရာစု သင်ယူမှု (21st century learning)သည် စာသင်ခန်းထဲတွင် ဆရာ၊ ဆရာမများ၏ တွေးခေါ် သင်ကြားမှုများနှင့် ကွာဟလာသည်ကို တွေ့ရှိရသည်။ ထို့အပြင် ဆရာ၊ ဆရာမများသည် သင်ကြားရေးဟူသော ဝန်ဆောင်မှုလုပ်ငန်းတွင် အဓိကကျသော သွင်းအားစုများ (Inputs)ပင်ဖြစ်ပါသည်။ အများအားဖြင့် ထုတ်လုပ်မှုဖြစ်စဉ်များ၏ သဘောတရားအတိုင်း သွင်းအားစုများ ( Inputs )ကောင်းမှသာ ကုန်ထွက် (Output) ကောင်းမွန်နိုင်ပေသည်။ ထို့ကြောင့် သင်ကြားရေးတွင် အဓိကကျသော သွင်းအားစုများ (Inputs)ဖြစ်သည့် ဆရာ၊ ဆရာမများသည် အရည်အသွေးနှင့် စိတ်ဓာတ်ပြည့်ဝနေရန် လိုအပ်သည်။ ဆရာ၊ ဆရာမများ၏ အရည်အသွေးကို ပြဋ္ဌာန်းပေးနိုင်သော အရာများမှာ လူနေမှုကုန်ကျစရိတ်နှင့် ညှိနှိုင်းထားသော လစာလုံလောက်မှုနှင့် အခြားသော မက်လုံးပေးနိုင်မှု၊ အလုပ်အတွက် စိတ်ကျေနပ်မှု (Job Satisfaction)၊ ၎င်းတို့အတွက် စာအုပ်စာတမ်း၊ လေ့လာရန် အင်တာနက်ရရှိ အသုံးပြုနိုင်မှု၊ ဆရာ၊ ဆရာမများ၏ အရည်အသွေး မြင့်တက်စေသော ပြည်တွင်းပြည်ပသင်တန်းများတို့ဖြစ်ပေသည်။ ထိုသို့လုပ်နိုင်ကိုင်နိုင်စွမ်းရှိသော ပတ်ဝန်းကျင်ကောင်း (Enabling Environment) တစ်ရပ် ဖန်တီးပေးရန် လိုအပ်သည်။ ထိုသို့ဖြစ်ပေါ်စေရန်မှာ အောက်ပါအချက်များနှင့် ပြည့်စုံသော အမြဲလေ့လာသင်ယူမှုရှိသည့် လူ့အဖွဲ့အစည်း တစ်ရပ် လိုအပ်ပေသည်။

**(၁) ဆက်သွယ်ပြောဆိုနိုင်မှု** (Communication)

လူပေါင်းများစွာကို ပြောင်းလဲနိုင်စေရေးအတွက် လွတ်လပ်သော၊ ပွင့်လင်းမှုရှိသော၊ လိုက်လျောညီထွေ ဖြစ်သော ဆက်သွယ်ပြောဆိုနိုင်ရေး (Open and consistent communication) မှာ အလွန်အရေးပါပေသည်။ မိမိတို့၏ လုပ်ငန်းဆောင်တာများတွင် မိမိအဖွဲ့ဝင်များ စိတ်ပါဝင်စားစွာ ပိုမိုပါဝင်လေလေ အရာရာတိုင်း ချောမွေ့စွာ လုပ်ဆောင်နိုင်လေလေဖြစ်ပြီး မိမိအောက်လက်ငယ်သားများနှင့်လည်း ဆက်ဆံထိတွေ့နိုင်ကာ လုပ်ငန်းအတွေ့အကြုံများကို မျှဝေပေးနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ဆက်သွယ်ပြောဆိုနိုင်မှုကို လေ့ကျင့်မှုပြုပေးသော၊ အားပေးသော၊ လေ့လာသင်ယူမှုရှိသော လူ့အဖွဲ့အစည်းမျိုး လိုအပ်လျက်ရှိသည်။

**(၂) ပြောင်းလဲမှုဖြစ်စဉ်ကို သေချာစွာ သဘောပေါက်နားလည်ခြင်း** (Understanding the Change Process)

သိမြင်နားလည်မှုမရှိဘဲ ပြောင်းလဲမှုအပေါ် အမြင်ကြည်လင်နိုင်မည် မဟုတ်ပေ။ ပြောင်းလဲမှုဖြစ်စဉ်ကို ပိုမိုနားလည်သဘောပေါက်လေလေ၊ အသစ်အသစ်သော ပြောင်းလဲမှုများကို မည်သည့်အတွက် ပြုလုပ်ရသနည်းကိုသဘောပေါက်လေလေဖြစ်ကာ အချိတ်အဆက်မိစွာ လုပ်ကိုင်ဆောင်ရွက်တတ်လေလေ ဖြစ်လာမည်ဖြစ်ပါသည်။

**(၃) ပြောင်းလဲမှု၏ အဟန့်အတားများကို အသိအမှတ်ပြုနိုင်ရန်** (Recognize Barriers to Change)

ပြောင်းလဲမှုဖြစ်စဉ်တွင် ပြောင်းလဲနိုင်စေရန် မိမိကိုယ်မိမိ ပညာပေးရမည်ဖြစ်သည်။ ပြောင်းလဲမှုအတွက် ဟန့်တားစေနိုင်သည့် အရာများကိုသိရှိပြီး တုံ့ပြန်မှုများ ပြုလုပ်နိုင်ပါက အဆိုပါပြောင်းလဲမှုဖြစ်စဉ်တွင် မိမိ၏ အဖွဲ့ဝင်များကိုပိုမိုနိုင်နင်းစွာ ထိန်းကျောင်းနိုင်ပေလိမ့်မည်။ ရေရှည်အတွက် လုပ်ရကိုင်ရ ပိုမိုလွယ်ကူအဆင်ပြေလာနိုင်ပေသည်။

**(၄) ပန်းတိုင်များ ချမှတ်ရန်** ( Set Goals)

မိမိ၏အသင်းအဖွဲ့၊ ဌာနအတွက် တိကျသောပန်းတိုင်များ သတ်မှတ်ထားခြင်းအားဖြင့် အချိန်မှီခြင်းစသည့်အလုပ်၏ အောင်မြင်မှုကို တိုင်းတာနိုင်ပေသည်။ ပန်းတိုင်ချမှတ်ခြင်း၊ ထိုချမှတ်ထားသော ပန်းတိုင်များအားကောင်းစွာနားလည်စေခြင်းသည် မိမိတို့၏ လုပ်ဆောင်ချက်များကိုကောင်းစွာ ဖွဲ့စည်းလုပ်ကိုင်မှုများ ဖြစ်ပေါ်စေနိုင်သကဲ့သို့ ထိုရလဒ်တို့၏ တိုက်ရိုက်ချဉ်းကပ်မှုများဖြင့် ပန်းတိုင်သို့ အရောက်တွန်းပို့နိုင်ပေသည်။

**(၅) အသင်းလိုက် အလုပ်လုပ်ရန်** (Work as a Team)

အသင်းအဖွဲ့လိုက် တက်ညီလက်ညီ အလုပ်လုပ်တတ်ရန် လိုအပ်ပေသည်။ ချမှတ်ထားသော ရည်မှန်းချက်ပန်းတိုင်များကို သိရှိနားလည်ထားရန် လိုအပ်သည်။ သို့မှသာ အဆိုပါပန်းတိုင်များ အောင်မြင်စေရန် ထိရောက်သောအသင်းအဖွဲ့များဖြင့် ပန်းတိုင်ကို ချဉ်းကပ်မှုများရရှိစေခြင်း၊ ဆက်သွယ်ဆောင်ရွက်မှုပြုခြင်း၊ အဖွဲ့ဝင်များအချင်းချင်း တစ်ဦးနှင့်တစ်ဦး ယုံကြည်မှုရရှိခြင်းတို့ ဖြစ်ပေါ်စေမည်။ ပူးပေါင်းညီညွတ်ကာ အတူတကွ လုပ်ကိုင်နိုင်စွမ်းရှိသော အသင်း (Cohesive team)တစ်ခုအဖြစ် ဖန်တီးခြင်းသည် နည်းပညာများ ဖန်တီးမှုပြုရာတွင် အထောက်အကူဖြစ်စေရုံသာမက လူ့အဖွဲ့အစည်းအသိုင်းအဝန်း ပတ်ဝန်းကျင်နှင့် ဆက်ဆံရေး ပြေလည်စွာ နေထိုင်နိုင်သောသူများ ဖြစ်စေနိုင်သည်။

**(၆) တာဝန်ယူတတ်မှု** (Create Accountability)

အဖွဲ့ဝင်များအားလုံးတို့သည် မိမိတာဝန် မိမိသိတတ်စွာဖြင့် တာဝန်ယူတတ်ရမည်။ တာဝန်ကျေပွန်ရမည်။ ရည်မှန်းချက်ပန်းတိုင်ကို ဦးထိပ်ထားပြီး အလုပ်တာဝန်များ ပြီးမြောက်အောင်မြင်စေရန် အဖွဲ့ဝင်များအားလုံး တစ်ယောက်နှင့်တစ်ယောက် အထောက်အပံ့ပြုနိုင်ရမည်ဖြစ်သည်။

**(၇) အကဲဖြတ်ခြင်း** (Evaluation)

မိမိကိုယ်မိမိသော်လည်းကောင်း၊ မိမိအသင်းကိုသော်လည်းကောင်း ကိုယ်တိုင်အကဲဖြတ်ခြင်းသည် အချိန်တစ်ချိန်နှင့် တစ်ချိန် နှိုင်းယှဉ်၍ တိုးတက်မှု ဆုတ်ယုတ်မှုများကို သိရှိနိုင်သကဲ့သို့ အမှားများမှ ပြန်လည်သင်ခန်းစာရယူခြင်းများ၊ ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်နိုင်ပေသည်။ ထိုအလေ့အကျင့်များကို ဖြစ်ပေါ်စေသည့် ပညာရေးစနစ် ဖန်တီးရန်လိုအပ်သည်။

**(၈) ပါဝင်ဆင်နွှဲရန်** (Celebrate)

နည်းပညာသည် ရပ်တန့်နေသည်မရှိ။ အစဉ်အမြဲ လျှင်မြန်စွာ တိုးတက်ပြောင်းလဲနေပေသည်။ ထို့ကြောင့် နည်းပညာပတ်ဝန်းကျင် (Technical environment) အတွင်း လေ့လာသင်ကြားမှုများသည် မည်သည့်အခါမျှ တတ်မြောက်မှုများဖြင့် ပြီးမြောက်အောင်မြင်

သွားခြင်း မရှိနိုင်ပေ။ အမြဲလိုလို ဆန်းသစ်တီထွင်မှုများကို မျက်ခြည်မပြတ်လေ့လာပြီး ကျွမ်းကျင်မှုများကို အဆင့်မြှင့်တင်နေရန် လိုအပ်ပေသည်။ (၂၁) ရာစု သင်ယူမှု လူ့အဖွဲ့အစည်း (21st Century Learning Environment) တွင် ပါဝင်ဆင်နွှဲနိုင်ရန်မှာ ခရီးလမ်းဆုံးတစ်ခု (Destination) မဟုတ်ဘဲ ရှေ့ဆက်ရမည့်ခရီး (Journey) တစ်ခုသာလျှင် ဖြစ်ပေသည်။

၂၀၀၅ ခုနှစ်မှ ၂၀၁၄ ခုနှစ်များ အကြား ကာလကို ကုလသမဂ္ဂမှ ပညာရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုဆယ်စုနှစ် (United Nations Decade of Education for Sustainable Development)ဟူ၍ သတ်မှတ်ထားပေသည်။ UNESCO မှဦးဆောင်ပြီး ပညာရေးနှင့် ပတ်သက်၍ ရှုထောင့်ပေါင်းစုံမှ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုစည်းမျဉ်း၊ စည်းကမ်းများ၊ တန်ဖိုးများကို မည်ကဲ့သို့ သင်ယူနိုင်သည်ကို ပူးပေါင်းကာ ထည့်သွင်းစဉ်းစားနိုင်ရန် ဖြစ်သည်။ ထိုသို့ ပညာရေးနှင့်ပတ်သက်သော အားထုတ်ကြိုးပမ်းမှုများသည် လူတို့၏ အပြုအမူများကိုပြောင်းလဲစေနိုင်သည်။ သယံဇာတခွဲဝေမှုတွင် ပိုမိုစီမံခန့်ခွဲနိုင်လာပေမည်။ အမှန်အမှားကိုပိုမိုခွဲခြားတတ်လာစေသည်။ အဓိကနှင့် သာမညကိုပိုမိုရွေးချယ်တတ်လာစေသည်။ အနာဂတ်တွင် ရှင်သန်စေနိုင်မည့် သဘာဝပတ်ဝန်းကျင်၊ စီးပွားရေး ဆောင်ရွက်မှုများနှင့် လူ့အဖွဲ့အစည်းတို့အား အကျိုးပြုစေမည်ဖြစ်ပါသည်။

ထို့အပြင် သည်းခံတတ်သော ရင့်ကျက်သည့် လူ့အဖွဲ့အစည်းကို ဖြစ်ပေါ်စေသည်။ John Mac. Naughtan ၏ အဆိုအရ ရင့်ကျက်မှုသည် မည်သည့်အချိန်တွင် စတင်သနည်းဆိုလျှင် မိမိကိုယ်မိမိထက် သူတစ်ပါးကို စိုးရိမ်ပူပန်ခြင်း၊ ကိုယ်ချင်းစာနာတတ်ခြင်း ရှိလာသောအချိန်တွင် စတင်ပါသည်။ (Maturity begins to grow when you can sense your concern to others outweighing your concern for yourself.) ယခုလက်ရှိနှင့် အနာဂတ်မျိုးဆက်သစ်များအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုစေမည်ဖြစ်သည်။ လူတစ်ဦးအတွက် ဘဝ၏အခက်အခဲများ၊ အဖွဲ့အစည်းတစ်ခုအတွက် ကျော်လွှားရမည့်စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်စွမ်းရှိလာမည်။ အောင်မြင်မှုများနှင့်အတူ ယုံကြည်မှုများ ပိုမိုပြည့်ဝလာစေနိုင်သည်။

Brooker T. Washigton၏ အဆိုအရ လူတစ်ဦးတစ်ယောက်၏ အောင်မြင်မှုကို ထိုသူရောက်ရှိနေသော ဘဝ၏ အဆင့်နေရာဖြင့် မတိုင်းတာနိုင်ပါ။ ထိုသို့ အောင်မြင်မှုရရှိနိုင်စေရန် ကျော်လွှားခဲ့ရသော ဘဝ၏အခက်အခဲများနှင့်သာ တိုင်းတာနိုင်ပေသည်။ (Success is to be measured not so much by the position that one had reached in life as by the obstacles which he has overcome while trying to succeed.) အဖွဲ့အစည်း၏ မြင်နိုင်သော အရာတွေကို ပြောင်းလဲလိုပါက မမြင်နိုင်သောအရာတွေကို အရင်ဆုံး ပြောင်းလဲရပါလိမ့်မည်။ ("If you want to change the visible, You must first change the invisible.")

သို့ဖြစ်ပါ၍ (၂၁)ရာစုတွင် သတင်းအချက်အလက်နှင့် နည်းပညာများ တိုးတက်မှုမြန်ဆန်လွန်းခြင်းကြောင့် နည်းပညာပေါ် အခြေခံ၍ အလုပ်လုပ်ကိုင်နေသူများအဖို့ အမြဲလေ့လာသင်ယူနေရန် လိုအပ်နေပါကြောင်း တိုက်တွန်းရေးသားလိုက်ရပေသည်။

■

# မြန်မာ့စာရင်းအင်းများ
## မှန်ကန်ကောင်းမွန်ရေးဆီသို့



| သိန်းမြင့်ဝေ |

**စာရင်းအင်းများ၏အရေးပါပုံ**

စာရင်းအင်းများ (Statistics)သည် အရေးကြီးသော စီမံအုပ်ချုပ်မှုကိရိယာတစ်ခု (Essential governance tool) ဖြစ်ပါသည်။ စီးပွားရေးနှင့် လူမှုရေးပေါ်လစီများ၊ မဟာဗျူဟာများနှင့် ပြုပြင်ပြောင်းလဲရေးအစီအမံများ ရေးဆွဲချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်ခြင်းများအတွက် စာရင်းအင်း အချက်အလက် လိုအပ်သည်။ ထို့ကြောင့် နိုင်ငံတော်သမ္မတဦးသိန်းစိန် ဦးဆောင်သော အစိုးရသည် မြန်မာနိုင်ငံ၏ စာရင်းအင်း စနစ် တိုးတက်ကောင်းမွန်ရေးကို စီးပွားရေး ဦးတည်ချက် (၄)ရပ်တွင် ဦးတည်ချက်တစ်ရပ်အဖြစ် ထည့်သွင်းထားသည်။ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်ရေးနှင့် ပတ်သက်ပြီး မကြာမီက ပြုလုပ်ခဲ့သည့် အမျိုးသား သန်းခေါင်စာရင်း (National Cemsus)ကို အကျိုးရှိစွာ အသုံးချရပါမည်။

နိုင်ငံ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများနှင့် ပတ်သက်သော စိတ်ချရသည့် စာရင်းအင်းကိန်းဂဏန်းနှင့် သတင်းအချက်အလက်များသည် ခေတ်မီဒီမိုကရေစီ နိုင်ငံတည်ဆောက်ရေးအတွက် အလွန်အရေးကြီးသည်။

**မြန်မာနိုင်ငံ၏ အဓိကစာရင်းအင်း အဖွဲ့ အစည်း**

မြန်မာနိုင်ငံ၏ အဓိကကျသော စာရင်းအင်းအဖွဲ့အစည်းတစ်ခုမှာ ဗဟိုစာရင်းအင်းအဖွဲ့ (CentralStatistical Organization-CSO) ဖြစ်သည်။ CSO ကို ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်းကြီးကြပ်ရေးဥပဒေအရဖွဲ့စည်းခဲ့သည်။ CSOဖွဲ့စည်းခြင်း၏ ရည်ရွယ်ချက် (၅) မျိုးရှိသည်။ ပထမရည်ရွယ်ချက်မှာ ပြည့်စုံကောင်းမွန်မှန်ကန်သည့် စာရင်းအင်း စနစ်ဆောက်တည်ရန် ဖြစ်သည်။ ဆိုလိုသည်မှာ လူမှုရေးနှင့် စီးပွားရေးပေါ်လစီများ ရေးဆွဲရန်အတွက်လည်းကောင်း၊ ထိရောက်သော စီမံကိန်းရေးဆွဲခြင်းနှင့် အုပ်ချုပ်မှုကိစ္စရပ်များအတွက်လည်းကောင်း ပြည့်စုံကောင်းမွန် မှန်ကန်သည့် စာရင်းအင်းစနစ်ကို ဆောက်တည်ခြင်း ဖြစ်သည်။

ဒုတိယရည်ရွယ်ချက်မှာ ပြည်ထောင်စုအစိုးရ၏ စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်အားလုံးကို သုံးသပ်အကြံပြုရန်ဖြစ်သည်။ တတိယအချက်မှာ စာရင်းအင်း (Statistics) နှင့် စာရင်းအင်းဆိုင်ရာ လုပ်ငန်းကိစ္စရပ်များ (StatisticalOperations) ပေါင်းစပ်ညှိနှိုင်းရန် ဖြစ်သည်။ စတုတ္ထအချက်မှာ အဆင့်မြင့်ဆုံးသော စာရင်းအင်းစံများ (HighestStatisticalStandards) ဆောက်တည်ထိန်းသိမ်းထားရှိရန်ဖြစ်သည်။ နောက်ဆုံးရည်ရွယ်ချက်မှာ မြန်မာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လိုအပ်ချက်များအတွက် စီးပွားရေးနှင့် လူမှုရေးသန်းခေါင်စာရင်း သို့မဟုတ် စစ်တမ်းများ စုစည်းပြုလုပ်ရန်ဖြစ်သည်။

**CSO ၏ အဖွဲ့အစည်းဆိုင်ရာ အရင်းအနှီးတည်ဆောက်ခြင်း**

CSO ၏ အဖွဲ့အစည်းဆိုင်ရာ အရင်းအနှီး (Institutional Capital) တည်ဆောက်ရန် အတွက် လိုအပ်ချက် (၄) ရပ်ရှိပါသည်။ ပထမအချက်မှာ ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်း ကြီးကြပ်ရေးဥပဒေအရ ပေးအပ်ထားသည့် တာဝန် (၅) ရပ်ကို ဆောင်ရွက်ရန်ဖြစ်သည်။ ဒုတိယအချက်မှာ '၁၉၉၄ ခုနှစ် ကုလသမဂ္ဂ တရားဝင် စာရင်းအင်း ဆိုင်ရာ အခြေခံမူများ' ကဲ့သို့သော နိုင်ငံတကာ စာရင်းအင်းအခြေခံမူများကို လိုက်နာရန်ဖြစ်သည်။ တတိယ လိုအပ်ချက်မှာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ကဲ့သို့သော အဖွဲ့အစည်းများ၏ CSO စာရင်းအင်း အရည်အသွေး ကောင်းမွန်ကြောင်း ထောက်ခံချက်ရရှိရန် ဖြစ်သည်။ နောက်ဆုံးအချက်မှာ CSO သည် အထက်ပါလိုအပ်ချက် သုံးရပ်ကို အပြည့်အဝ မဖြည့်ဆည်းနိုင်ခြင်းဖြစ်သည်။

**၁၉၉၄ ခုနှစ် ကုလသမဂ္ဂ တရားဝင်စာရင်းအင်းဆိုင်ရာ အခြေခံမူများ**

၁၉၉၄ ခုနှစ် ကုလသမဂ္ဂ တရားဝင်စာရင်းအင်း ဆိုင်ရာ အခြေခံမူများ (1994 United Nations Fundamental Princip IES of Official Statistics) မှာ အောက်ပါအတိုင်းဖြစ်သည်။

(က) တရားဝင်စာရင်းအင်းများသည် ကောင်းမွန်သောအုပ်ချုပ်မှု (Good governance) ၏ အခြေခံ အုတ်မြစ်များအနက် တစ်ခုဖြစ်သည်။

(ခ) တရားဝင်စာရင်းအင်းများသည် အစိုးရနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်း အတွက်လည်းကောင်း၊ ဆွေးနွေးပွဲများအတွက်လည်းကောင်း အထောက်အကူဖြစ်စေသည်။

(ဂ) ကောင်းမွန်သောတရားဝင်စာရင်း အင်းများသည် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်မှုအပေါ် ပြည်သူများ ယုံကြည်မှုရှိရေးအတွက် အရေးပါပါသည်။ စီးပွားရေး၊ လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်အတွက် အစိုးရ၏ ဆုံးဖြတ်ချက်ချမှတ်ခြင်းကို ဆိုလိုပါသည်။

(ဃ) စာရင်းအင်းများသည် ဆီလျော်မှုရှိရပါ



မည်။ စာရင်းအင်းအရည်အသွေးရှိခြင်း၊ နားလည်လွယ်ခြင်း၊ သုံးစွဲရန်လွယ်ကူခြင်းတို့နှင့် ပြည့်စုံရပါမည်။ သုံးစွဲမည့်သူများ၏လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရပါမည်။

(င)ကိန်းဂဏန်းအချက်အလက်များ ကောက်ယူစုဆောင်းပြီး ထုတ်ပြန်ရာတွင် နိုင်ငံရေးစွက်ဖက်မှုများမှ ကင်းဝေးသင့်သည်။

(စ) စာရင်းအင်းများ ဖြန့်ဖြူးထုတ်ပြန်ရာတွင် ပြည်သူအားလုံး လက်လှမ်းမီရေးအတွက် တန်းတူအခွင့်အရေး (Equal Opportunity) ရရှိရန် ဆောင်ရွက်ရမည်ဖြစ်သည်။

## OECD ၏ အရည်အသွေးကောင်း စာရင်းအင်းဖြစ်ရေး အစီအမံများ

စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (OECD) ၏ အရည်အသွေး ကောင်းမွန်သော စာရင်းအင်းများဖြစ်ပေါ်ရေးအတွက် ဆောင်ရွက်သော အစီအမံ(၇)မျိုးမှာ အောက်ပါအတိုင်းဖြစ်သည်။

(က)ဆီလျော်မှုရှိခြင်း-သုံးစွဲသူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း ဖြစ်သည်။

(ခ)တိကျခြင်း-စာရင်းအင်း ကိန်းဂဏန်းများ တိကျခိုင်မာပြီး တွက်ချက်တိုင်းတာနိုင်ခြင်းဖြစ်သည်။

(ဂ)အချိန်နှင့် တစ်ပြေးညီ ထုတ်ပြန်ခြင်း - သက်ဆိုင်ရာနှင့် သို့မဟုတ် ကိုးကားသုံးစွဲနိုင်မည့် အချိန်ကာလအတွင်း စာရင်းအင်းထုတ်ပြန်ခြင်း ဖြစ်သည်။

(ဃ)လက်လှမ်းမီခြင်း-သုံးစွဲသူက စာရင်းအင်းအချက်အလက်များကို အလွယ်တကူ ရရှိသုံးစွဲနိုင်ခြင်းကို ဆိုလိုသည်။

(င) နားလည်လွယ်ခြင်း-စာရင်းအင်းများသည် သုံးစွဲသူအတွက် အဓိပ္ပာယ်ဖော်ဆောင်ရန် လွယ်ကူခြင်း၊ နားလည်လွယ်ခြင်းနှင့် သုံးစွဲသူတို့၏ ကိုယ်ပိုင် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခြင်းဖြစ်သည်။

(စ) ရှေ့နောက်ညီညွတ်ခြင်း-စာရင်းအင်းများသည် ရှင်းလင်းပြတ်သားပြီး ရှေ့နောက်ညီညွတ်လျက် အချိန် မရွေး၊ နေရာမရွေး အသုံးဝင်ခြင်းကို ဆိုလိုသည်။

(ဆ)ယုံကြည်မှုရှိခြင်း-စာရင်းကောက်ယူသူ၏ လုပ်ငန်းကျွမ်းကျင်မှုကြောင့် စာရင်းအင်းကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ခြင်းဖြစ်သည်။

## CSO ၏ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီး တည်ဆောက်ခြင်း

စာရင်းအင်းအချက်အလက်နှင့် သတင်းအချက်အလက်များ ကောက်ယူစုဆောင်းရန်၊ စုစည်းသုံးသပ်ရန်နှင့် ထုတ်ဝေဖြန့်ဖြူးရန်အတွက် အရေးပါသော ရုပ်ပိုင်းဆိုင်ရာ အရင်းအနှီး (PhysicalCapital) မှာ သတင်းဆက်သွယ်ရေးနည်းပညာ (Information and Communication Technology-ICT)ဖြစ်ပါသည်။ အထူးသဖြင့် သတင်းအချက်အလက် နည်းပညာပိုင်း၏ Hardware နှင့် Software များ ကောင်းမွန်ရန် လိုအပ်ပါသည်။ ထို့ပြင် အင်တာနက်လိုင်းများ ကောင်းမွန်မြန်ဆန်ပြီး ထိထိရောက်ရောက် သုံးစွဲနိုင်ရပါမည်။ Hardware ပိုင်းတွင် ကွန်ပျူတာ/အင်တာနက်ဆိုင်ရာ ပစ္စည်းများကို လုံလုံလောက်လောက်ရှိရန် လိုအပ်သကဲ့သို့ Software ပိုင်းတွင် ICT Software များကို ကျွမ်းကျင်ပိုင်နိုင်စွာ သုံးစွဲတတ်ရန် လိုအပ်ပါသည်။

## CSO ၏ လူသားအရင်းအနှီးတည်ဆောက်ခြင်း

CSO ဝန်ထမ်းသည် နည်းပညာဆိုင်ရာ အရည်

အသွေးရှိရပါမည်။ ထို့ပြင် ခေတ်မီစာရင်းအင်း နည်းလမ်းများ (Modern Statistical methods) အသုံးပြု တွက်ချက်ရရှိသောရလဒ်များကို နားလည်အသုံးချနိုင်ပြီး အဓိပ္ပာယ်ကောက်ယူတင်ပြနိုင်စွမ်း ရှိရပါမည်။ ပိုင်ပိုင်နိုင်နိုင် လုပ်နိုင်ကိုင်နိုင်ရပါမည်။ ထိုကဲ့သို့သော ကျွမ်းကျင်မှုများ ရရှိရန်အတွက် ဝန်ထမ်းများကို လေ့ကျင့်သင်တန်း ပေးသင့်ပါသည်။ ထို့မျှသာမက အဆိုပါဝန်ထမ်းများ လုပ်ငန်းခွင် ပျော်ရွှင်စေရန်နှင့် အလုပ်ကို စိတ်ပါဝင်စားမှုရှိစေရန် အတွက်လည်းကောင်း၊ မိမိကိုယ်ကို တန်ဖိုးထားပြီး လွတ်လပ်စွာ လုပ်ကိုင်နိုင်စေရန်အတွက်လည်းကောင်း မက်လုံးများ (Incentiv ES) ပေးသင့်ပါသည်။

## CSO ၏ လူမှုရေးအရင်းအနှီး တည်ဆောက်ခြင်း

၁၉၆၂ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏စာရင်းအင်းစနစ်မှာ ဗဟိုချုပ်ကိုင်မှု ဆက်တိုက်လျော့နည်းလာခဲ့သည်။ ဝန်ကြီးဌာနအများစုတွင် ကိုယ်ပိုင်စာရင်းအင်းများထားရှိလာပြီး CSO သည် တရားဝင် စာရင်းအင်း အနည်းငယ်ကိုသာ တာဝန်ယူရသည့် အဖွဲ့အစည်းဖြစ်လာခဲ့သည်။ ဝန်ကြီးဌာနများ၏ စာရင်းအင်းကိစ္စရပ်များတွင် CSO ၏ ပူးပေါင်းဆောင်ရွက်မှုမရှိတော့ပေ။ လက်ရှိ မြန်မာနိုင်ငံ၏ အားနည်းချက်မှာ ဝန်ကြီးဌာနများကြား ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းဖြစ်သည်။ ထို့ကြောင့် ဌာနတိုင်းတွင် ရှိသော စာရင်းအင်းဌာနအချင်းချင်း ညှိနှိုင်းမှုမရှိတော့ပေ။ လက်ရှိအခြေအနေအရ ဗဟိုစာရင်းအင်းအဖွဲ့အစည်း (Central Statistical Institution) လိုအပ်နေပြီ ဖြစ်သည်။ သို့မှသာ နိုင်ငံတကာ အဆင့်စာရင်းအင်းစနစ်ကို သေချာစွာ ကျင့်သုံးနိုင်မည်ဖြစ်သည်။

## မြန်မာ့စာရင်းအင်းစနစ် တိုးတက်စေရန် ဆောင်ရွက်သင့်သော အချက်များ

မြန်မာနိုင်ငံ၏ စာရင်းအင်းစနစ် မှန်ကန် ကောင်းမွန်ရန် လုပ်ဆောင်သင့်သော အချက်များအနက် ပထမဆုံး အချက်မှာ အမျိုးသားစာရင်းအင်း ဖွံ့ဖြိုးရေးမဟာဗျူဟာ (National StatisticalDevelopment Strategy) ရေးဆွဲရန်ဖြစ်သည်။ ဤကဲ့သို့ ရေးဆွဲခြင်းသည် စီးပွားရေးဦးတည်ချက် (၄)ရပ် (National Economic Objectives) တွင် ပါဝင်သော စာရင်းအင်းစနစ် တိုးတက်ကောင်းမွန်ရေး ဟူသော ဦးတည်ချက်ကို များစွာအထောက်အကူပြုမည်ဖြစ်ပါသည်။ ထို့ပြင် ၁၉၅၂ ခုနှစ် ဗဟိုစာရင်းအင်း ကြီးကြပ်ရေး အက်ဥပဒေကို ပြန်လည်သုံးသပ်ရန်နှင့် လိုအပ်ပါက အသစ်ပြန်လည် ရေးဆွဲရန်ဖြစ်သည်။

ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းနှင့် အေဂျင်စီများအပြင် နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သော IMF, World Bank Group, OECD, ADB, UNDP နှင့် ESCAP တို့နှင့် စာရင်းအင်းအချက်အလက်နှင့် သတင်းအချက်အလက် တိုးတက်ရေးပူးပေါင်းဆောင်ရွက်သင့်ပါသည်။ အဆိုပါအဖွဲ့အစည်းများသည် ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ စက်မှု၊ ဘဏ္ဍာရေး၊ လုပ်သား၊ သဘာဝပတ်ဝန်းကျင်စသည့် ကဏ္ဍတစ်ခုချင်း၏ စာရင်းအင်းဆိုင်ရာ လိုအပ်ချက်များကို ကျွမ်းကျင်ပိုင်နိုင်စွာ စွမ်းဆောင် လုပ်ကိုင်နိုင်ကြပါသည်။ ထို့မျှသာမက အဆိုပါ အဖွဲ့အစည်းများအပြင် သက်ဆိုင်ရာ အလှူရှင်နိုင်ငံ/အဖွဲ့အစည်းများနှင့် နီးကပ်တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်သင့်ပါသည်။ နောက်ဆုံးအချက်မှာ စာရင်းအင်း ကျွမ်းကျင်ပညာရှင်များပါဝင်သော လုပ်ငန်းအဖွဲ့ငယ် (small independent task force) ကို နိုင်ငံတော်သမ္မတရုံးတွင် ထူထောင်ထားရှိရန် ဖြစ်ပါသည်။ ဤအဖွဲ့က မြန်မာနိုင်ငံလက်ရှိဆောင်ရွက်နေသော စာရင်းအင်းလုပ်ငန်းများကိုလည်းကောင်း၊ အစိုးရနှင့် အလှူရှင်အသိုက်အဝန်းကြားတွင်လည်းကောင်း ပူးပေါင်းပါဝင်ညှိနှိုင်း ကူညီဆောင်ရွက်သွားမည်ဖြစ်ပါသည်။

Source: Laying Foundation to Improve Myanmar's Official Statistical System, U Myint, president's Chief Economic Advisor, 12-12-2014, National Defence University, NayPyiTaw.



# ဗဟိုစာရင်းအင်းအဖွဲ့နှင့် CSO ရက် (၁၀၀)

| Regional, C.S.O |

ဗဟိုစာရင်းအင်းအဖွဲ့ (CSO)သည် မြန်မာ နိုင်ငံ၏ တစ်ခုတည်းသော တရားဝင် စာရင်းအင်းကို ထုတ်ပြန်နိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ သို့သော် အစိုးရဝန်ထမ်းမဟုတ်သူများတွင် သိရှိသူ အလွန်နည်း ပါးလှသည်။ အချို့အစိုးရဝန်ထမ်းများပင်လျှင် မသိကြ။ မြန်မာနိုင်ငံတွင် စာရင်းအင်း၏ အရေးပါမှုကို သိရှိသူ နည်းပါးသည်၊ သို့မဟုတ် လစ်လျူရှုထားကြသည်ဟု ဆိုချင်ပါသည်။ Central Statistical Organization (CSO) ဟု အမည်တွင်ခဲ့သည်မှာ လွန်ခဲ့သော (၄၂)နှစ် ၁၉၇၄ ခုနှစ်ကတည်းကပင် ဖြစ်သော်လည်း CSO ဟု ပြောလိုက်လျှင် Civil Service Oarganization ဟုသာ နားလည်ထားကြသည်။

ပန်းချီဆွဲရာတွင် လှပသော ပန်းချီစုတ်ချက်များ၊ ရောင်စုံဆေးစက်များ နေရာတကျ ချယ်မှုန်းနိုင်ရန် အောက်ခံအရောင်သည် အဓိကကျသကဲ့သို့ စာရင်းအင်း သည်လည်း နိုင်ငံ၏ အနာဂတ်ကို လှပစွာ ပုံဖော်နိုင်ရန် အတွက် အခြေခံအကျဆုံးသော အချက်အလက်များကို ဖြည့်ဆည်းပေးလျက် ရှိပါသည်။

သို့သော် တိကျမှန်ကန်သော စာရင်းအင်းအချက်အလက်များ ဖြစ်ရန် လိုပါသည်။ စာရင်းအင်း၏ အရေးပါမှုကို သိသူနည်းပါးခြင်း၊ လစ်လျူရှုထားခြင်းတို့ကြောင့် စာရင်းအင်း တိကျမှု၊ မှန်ကန်မှု ပျောက်ဆုံးကာ အရည်အသွေးအားနည်းချက်များကြောင့် စာရင်းအင်း အသုံးပြုသူများပင်လျှင် ယုံကြည်မှု ပျောက်ဆုံးခြင်း ဖြစ်ခဲ့ရပြီး စာရင်းအင်း၏ အခန်းကဏ္ဍ မေ့မှိန် ခဲ့ရသည်။

လက်တွေ့တွင် စာရင်းအင်း၏ အခန်းကဏ္ဍသည် နိုင်ငံ၏ဆင်းရဲခြင်း၊ ချမ်းသာခြင်းကို ဖန်တီးပေးနိုင်သည့်နေရာတွင် တန်ခိုးရှင်ကဲ့သို့ အရေးပါလှသည်။ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေး မဟာဗျူဟာများနှင့် မူဝါဒများ ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ ဦးစားပေးများ သတ်မှတ်ခြင်း၊ စီမံကိန်း အကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများအား စောင့်ကြည့် အကဲဖြတ်ခြင်းတို့ ထိရောက်မှုရှိစေရန် အတွက် မှန်ကန်သောစာရင်းအင်း အချက်အလက်များက အခြေခံအကျဆုံး ဖြစ်သောကြောင့်ဖြစ်သည်။

နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒ ချမှတ်သူများ၊ စီမံကိန်း ရေးဆွဲသူများ၊ သုတေသနပြုလုပ်သူများ အသုံးပြုရန်နှင့် အာဆီယံနှင့် နိုင်ငံတကာစာရင်းအင်း စာစောင်များတွင် ဖော်ပြရန်လိုအပ်သော ပြည့်စုံခိုင်မာသည့် စီးပွားရေး၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများကို အစိုးရရုံးများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်း၍ လည်းကောင်း၊ စစ်တမ်းများ ကောက်ယူခြင်းဖြင့်လည်းကောင်း ကောက်ယူစုစည်း၍ ညွှန်ကိန်းများဖြင့်ထုတ်ပြန်မှုကို ဗဟိုစာရင်းအင်းအဖွဲ့မှ လုပ်ဆောင်လျက်ရှိပါသည်။

စုစည်းထားသည့်စာရင်းအင်း အရည်အသွေးများကို စိစစ်ရန်နှင့် နည်းပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုလိုအပ်ချက်ကို သက်ဆိုင်ရာ စာရင်းအင်းယူနစ်များနှင့် ပူးပေါင်းစွမ်းရည် ထူထောင်ရေး၊ စာရင်းအင်းများ အရည်အသွေးမြှင့်တင်ရန်အပြည်ပြည်ဆိုင်ရာစံနှုန်းနှင့် ကိုက်ညီစေရန်အတွက် ခေတ်မီနည်းပညာဖြင့် စုစည်းတွက်ချက်ထုတ်ပြန်ရာတွင် ထိရောက်မှုရှိစေရန်တို့အတွက်ပြည်တွင်းပြည်ပပညာရှင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းပြီး နည်းပညာများ ညှိနှိုင်းရယူနိုင်ရေး၊ နိုင်ငံတကာနှင့် အာဆီယံနိုင်ငံများတွင် ကျင့်သုံးနေသည့် စာရင်းအင်းစနစ်နှင့် ထုတ်ပြန်သည့်စာရင်းအင်း စာစောင်များနည်းတူ မြန်မာနိုင်ငံ၏ အမျိုးသားစာရင်းအင်းစနစ်ကိုလည်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး စသည်တို့အတွက် ရက်(၁၀၀) လုပ်ငန်းစဉ်ဖြင့် ချီတက်မည်ဖြစ်ပါသည်။

## ရက် (၁၀၀)လုပ်ငန်းစဉ်

၁။ မြန်မာနိုင်ငံစာရင်းအင်းဥပဒေ(မူကြမ်း)အား အသစ်ရေးဆွဲခဲ့ပြီး ပြဋ္ဌာန်း ကျင့်သုံး နိုင်ရန်အတွက် လွှတ်တော်သို့ တင်ပြထားခြင်းကြောင့် လွှတ်တော်တွင် ရှင်းလင်းတင်ပြရေး၊ လွှတ်တော်၏ လမ်းညွှန်ချက်အတိုင်း ပြင်ဆင်အတည်ပြုနိုင်ရေးတို့ ဆက်လက်ဆောင်ရွက်ရန်။

၂။ အမျိုးသားစာရင်းအင်းစနစ်ဆိုင်ရာ မူဝါဒ အနှစ်ချုပ် (Policy Brief on National Statistical System) အား သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ ဖြန့်ဝေရန်၊

၃။ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှုအမျိုးသားအဆင့် မဟာဗျူဟာ (National Strategy for Development of Statistics – NSDS) အကောင်အထည်ဖော်ဆောင်ရေး စီမံချက်အား World Bank, ADB, IMF တို့နှင့် အပြီးသတ် ပူးပေါင်းဆောင်ရွက်ရန်။

၄။ ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် National Statistical Coordinator အဖြစ် ဆောင်ရွက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများ၊ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများ၊ Statistical Quality Development Sectoral Working Group နှင့် Coordination Mechanism အား တွန်းအားပေး ပူးပေါင်း ဆောင်ရွက်ရန်။

၅။ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) များနှင့်စပ်လျဉ်း သည့် Data Assessment Report အား ၂၀၁၆ ခုနှစ် မေလကုန်တွင် အပြီးသတ်ဆောင်ရွက်ရန်။

၆။ e-Government အစိတ်အပိုင်းတစ်ရပ် အဖြစ် စာရင်းအင်းများ တိကျစေရေးလုပ်ငန်း ဆောင်ရွက်ရန်အတွက် ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှတစ်ဆင့် နေပြည်တော် ရုံးချုပ်ရှိ Server သို့ Template စာရင်းဇယား များ ထည့်သွင်းနိုင်ရန် သင်တန်းများပေးခြင်း၊ လိုအပ်သည့် အချက်အလက်များအား ပြင်ဆင်၍ Test run ဆောင် ရွက်ရန်။

၇။ ပြည်သူ့ရေးရာမှတ်ပုံတင်ခြင်းနှင့် ဖွားသေ စာရင်းအင်း (Civil Registration and Vital Statistics) တိုးတက်ရန်အတွက် Bloomberg Data for Health Initiative အဖွဲ့၏ ထောက်ပံ့ကူညီမှုဖြင့် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဗဟိုစာရင်းအင်း အဖွဲ့တို့ ပူးပေါင်း ဆောင်ရွက်မှု စာချွန်လွှာလက်မှတ်ရေးထိုးရန်။

၈။ အခြားသော သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ Survey Calendarနှင့် Release Calendar ပြုစုခြင်း၊ NSDS Implementaion plan ရေးဆွဲရာတွင် ထည့်သွင်းစဉ်းစားနိုင်ရေးနှင့် မိတ်ဖက်အဖွဲ့အစည်းများထံမှ နည်းပညာအကူအညီများ ရရှိစေရေးတို့အား ဆောင်ရွက်ရန်။

၉။ အိမ်ထောင်စုဝင်ငွေနှင့် စားသုံးမှုစစ်တမ်း (HIES) နှင့် မြန်မာနိုင်ငံအိမ်ထောင်စု စားဝတ်နေရေး အခြေအနေ ဘက်စုံလေ့လာမှုစစ်တမ်း (IHLCA) ကို ပူးတွဲကောက်ယူရေး အတွက် World Bank, UNDP တို့နှင့် ပူးပေါင်း ဆောင်ရွက်ရာတွင် စတင်ပြင်ဆင် ဆောင်ရွက် ရန်။

၁၀။ စာရင်းအင်းများ အရည်အသွေးရှိရန် အပြည်ပြည်ဆိုင်ရာ စံနှုန်းနှင့်ကိုက်ညီစေရန်နှင့် ခေတ်မီ နည်းပညာဖြင့်စုစည်းတွက်ချက်ထုတ်ပြန်ရာတွင်ထိရောက်မှုရှိစေရန်၊ အရည်အသွေး မြှင့်တင်ရန်၊

၁၁။ ဗဟိုစာရင်းအင်းအဖွဲ့ ဝန်ထမ်းများသာမက ကဏ္ဍအသီးသီးမှ စာရင်းအင်း ပြုစုသည့် ဝန်ထမ်းများကို စဉ်ဆက်မပြတ် အလှည့်ကျစွမ်းရည် (Capacity building) မြှင့်တင် ပေးရန်၊

၁၂။ ကုန်သွယ်ရေးဆိုင်ရာ စာရင်းအင်းများ ညီ ညွတ်မှုရှိရေး ဆောင်ရွက်ရန်နှင့် စာရင်းအင်း ဆိုင်ရာ လွှမ်းခြုံမှု ပိုမိုတိုးတက်လာစေရန်။

၁၃။ ဗဟိုစာရင်းအင်းအဖွဲ့ ရုံးချုပ်အဆောက်အအုံသစ် တိုးချဲ့တည်ဆောက်ရေးအတွက် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန်။

၁၄။ လစဉ်စီးပွားရေး အခြေပြစာစောင် (SMEI) တွင် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ အချက် အလက်များ Updateပြုလုပ်၍ ထုတ်ဝေခြင်းများ ဆောင်ရွက်ရန်၊

၁၅။ နှစ်ပတ်လည် စာရင်းအင်းစာစောင် - ၂၀၁၆ (Statistical Yearbook - 2016) ကို ထုတ်ဝေနိုင်ရေး စတင်ပြင်ဆင်ဆောင်ရွက်ရန်။

၁၆။ လယ်ယာစာရင်းအင်းစာစောင် (Agricultural Statistics)၊ သားငါး စာရင်းအင်း စာစောင် (Fishery Statistics) နှင့် သစ်တောစာရင်းအင်းစာစောင် (Forestry Statistics) များ ထုတ်ဝေနိုင်ရေးအတွက် စတင်ဆောင် ရွက်ရန်။

၁၇။ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ လူမှုစီးပွား ညွှန်းကိန်းများ စာအုပ်ထုတ်ဝေနိုင်ရေး ဆောင်ရွက်ရန်။

ရက် (၁၀၀)လုပ်ငန်းစဉ် (၁၇)ခုကိုကြည့်လျှင် အချို့လုပ်ငန်းစဉ်များမှာ ရေတိုတွင်ပြီးမြောက်နိုင်သော်လည်း အချို့လုပ်ငန်းစဉ်များမှာ ရေတိုတွင်ပြီးမြောက်ရန်ခဲယဉ်းသောကြောင့် အချိန်ယူ၍ စဉ်ဆက်မပြတ်ဆောင်ရွက်ရန်လိုအပ်သည်။ အချို့မှာ အဆုံးမရှိသော လုပ်ငန်းစဉ်များဖြစ်၏။ အချို့မှာ မူလရှိပြီးသည်ကို အခြေခံသော်လည်း အချို့မှာ ပထမခြေလှမ်းဖြင့် စမည်ဖြစ်၏။ လုပ်ငန်းပြီးမြောက်ခြင်းဆိုသည်ထက် လုပ်ငန်းအောင်မြင်မှုပန်းတိုင်ကို ရှေးရှု၍ ဗဟိုစာရင်းအင်းအဖွဲ့ကို ဗဟိုပြုပြီး အစိုးရ၊ ပြည်သူနှင့်ဖွံ့ဖြိုးမှုမိတ်ဖက်များ အားလုံးပါဝင်သော လုပ်ဆောင်ချက်ဖြင့် မှေးမှိန်နေသော စာရင်းအင်း၏ အခန်းကဏ္ဍကိုပြန်လည်မြှင့်တင်ပေးမည့် ရက် (၁၀၀) လုပ်ငန်းစဉ်ကို အားသွန်ခွန်စိုက် ဆောင်ရွက်မည် ဖြစ်ပါသည်။



# နိုင်ငံ့ရတနာများ စုစည်းရာနေရာ

လူအေး

အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်များသည် နိုင်ငံတစ်နိုင်ငံအတွက် ရှိသင့်ရှိထိုက်သည့် အဖွဲ့အစည်းများ ဖြစ်ကြပါသည်။ နိုင်ငံ၏သမိုင်းဆိုင်ရာ အထောက်အထားများ ယဉ်ကျေးမှု၊ အုပ်ချုပ်ရေး၊ စီးပွားရေးဆိုင်ရာ အထောက်အထားများကို လူမှုပတ်ဝန်းကျင်ဆိုင်ရာများမှ မှီငြမ်း ကိုးကားလိုသူများ၊ ဗဟုသုတရှာဖွေလိုသူများ၊ လေ့လာလို သူများထံသို့ဖြန့်ဝေမှုပုံစံမျိုးစုံဖြင့် ကူညီထောက်ပံ့ပေး နေသော အဖွဲ့အစည်း(သို့) ဦးစီးဌာနများဖြစ်သည့် အားလျော်စွာ အရာဝတ္ထု၊ ပစ္စည်းပုံစံမျိုးစုံတို့ကို မိမိဌာန နှင့် သင့်လျော်သည့်နည်းများဖြင့် စုဆောင်းထိန်းသိမ်း ထားရှိကြပါသည်။ ၎င်းဌာန (၃) ခုစလုံးသည် ဝင်ငွေရရှိရန် အတွက် ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့အစည်းများ မဟုတ်ဘဲ ပြည်သူနှင့် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများကို အထောက်အထားများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများပေးသည့် ဌာနအဖွဲ့အစည်းများသာ ဖြစ်သည်။ ပြည်သူအများစုသည် အမျိုးသားပြတိုက်၊ အမျိုး သား စာကြည့်တိုက်တို့အား သိရှိကြသော်လည်း အမျိုး သား မော်ကွန်းတိုက် (အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန)ကို သိရှိသူနည်းပါးသည်ဟု ဆိုရပါမည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီး ဌာနသည်မြန်မာနိုင်ငံ၏ သမိုင်းအစဉ်အလာ၊ ယဉ်ကျေးမှုနှင့် ပတ်သက်သည့် အထောက်အထားအချက်အလက်များ၊ နိုင်ငံတော်မှ ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်းသည့် အထောက်အထား အချက်အလက်များအား အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မပျက်မစီးစေရေးအတွက် ထာဝစဉ်လုံခြုံစွာ ထိန်းသိမ်းထားသော ဌာနဖြစ်ပါသည်။ ဌာနရှိမှတ်တမ်း၊ မော်ကွန်းများအား ရည်ညွှန်းကိုးကား အသုံးပြုစေခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မည့်သုတေသနလုပ်ငန်းများအတွက်ကူညီပံ့ပိုး အထောက်အကူပြု ပေးရသည့်ဌာနလည်း ဖြစ်ပါသည်။ ဤဌာနရှိ ထိန်းသိမ်းထားရှိသော မှတ်တမ်းများ (records)၊ မော်ကွန်းများ (archives) သည်နိုင်ငံ၏တရားဝင် အထောက်အထားများဖြစ်ပြီး ပျောက်ဆုံးပျက်စီးပါက အစားထိုး၍မရနိုင်ပါ။ တန်ဖိုးဖြတ်၍လည်း မရပါ။ တစ်မျိုးတည်းသာရှိသော စစ်မှန်သည့် မူရင်း အထောက်အထားများဖြစ်ပါသည်။ မှတ်တမ်းမှတ်ရာများမှာလည်း နောင်အချိန်တွင်ပြန်လည် ကိုးကားနိုင်ခြင်း၊ အထောက်အထားဖြစ်စေခြင်း၊ မူရင်းသက်သေဖြစ်ခြင်းတို့သည် တန်ဖိုးများဖြစ်ပါသည်။

အမျိုးသားမော်ကွန်းတိုက်၊ အမျိုးသားပြတိုက်၊ အမျိုးသားစာကြည့်တိုက်တို့သည်နိုင်ငံအတွက် အရေးပါသော အရာများကို စုစည်းရာနေရာတစ်နည်းအားဖြင့် နိုင်ငံ့ရတနာများအား စုစည်းသိမ်းမှီရာနေရာများ ဖြစ်ပါသည်။ ၎င်းဌာနအဖွဲ့အစည်း(၃)ခုသည် ယေဘူယျအားဖြင့် တူညီချက်များရှိသလို၊ ကွဲပြားခြားနားချက်များလည်း ရှိပါသည်။ တူညီချက်များမှာ အထောက်အထားများ၊ စာရွက်စာတမ်းများ၊ ပစ္စည်းများအား စုဆောင်းထိန်းသိမ်းသည့်ဌာနများဖြစ်သဖြင့် ပတ်ဝန်းကျင်ဆိတ်ငြိမ်ပြီး ကျယ်ဝန်း၍ ကြီးမားခိုင်ခံ့သော သီးသန့်အဆောက်အဦးများဖြစ်ခြင်း၊ သုတေသနပြုရန်၊ မှီငြမ်းကိုးကားရန်၊ ဗဟုသုတရရှိစေရန်အတွက် ရည်ရွယ်ဖွဲ့စည်းထားသောဌာန၊ အဖွဲ့အစည်းများဖြစ်ခြင်း၊ သိမ်းဆည်းထားသော အရာဝတ္ထုပစ္စည်းများ၊ စာရွက်စာတမ်းများအားလုံးသည် မိမိတို့ဌာနမှ ကိုယ်တိုင်ဖန်တီးပြုလုပ်ထားသာ အရာများမဟုတ်ဘဲ သင့်လျော်သောနေရာများမှထိုက်သင့်သလိုရယူစုဆောင်းခြင်း ဝယ်ယူခြင်းတို့ဖြစ်ခြင်း၊ ပြည်သူနှင့်အဖွဲ့အစည်းများကို အထောက်အထားများ၊ သတင်းအချက်အလက်များ၊ ဗဟုသုတများ ပေးခြင်းတို့သည် ဌာန(၃)ခု၏ ယေဘုယျတူညီချက်များဖြစ်ပါသည်။

အမျိုးသားမော်ကွန်းတိုက်တွင် အသုံးပြုလိုသူ သုတေသီ (Researcher) များသည် ဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် စာဖတ်ခန်း (ReferenceRoom) အတွင်း၌သာ ဖတ်ရှုခွင့်ရှိပြီး ကန့်သတ်ဇရိယာအတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။ အမျိုးသားရေး အမွေအနှစ်များ ဆုံးရှုံးသွားနိုင်သဖြင့် အထောက်အထားများရှိသော အခန်းများ၏ လုံခြုံရေးကို စနစ်တကျ စီမံဆောင်ရွက်ထားရပါသည်။ သိမ်းဆည်းထားသော အထောက်အထားများသည် အစိုးရဌာနအဖွဲ့အစည်းများ၏ ရုံးလုပ်ငန်းများ လုပ်ကိုင်ရာမှ ဖြစ်ပေါ်လာသော ရုံးလုပ်ငန်းများနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ၊ စာတွဲများ၊ မြေပုံများဖြစ်သည်။ (ဥပမာ။ စာချုပ်စာတမ်းများ၊ အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ)၊ ထိန်းသိမ်းထားသည့် မှတ်တမ်း၊ မော်ကွန်း အမျိုးအစားပေါင်း(၁၄)မျိုးရှိပြီး စုစုပေါင်းစာရင်းမှာ (၂၀၀,၀၀၀) ကျော်ရှိပါသည်။ ရယူစုဆောင်းပုံမှာ မော်ကွန်းဥပဒေ (Archives Law)အရ ဝန်ကြီးဌာန အသီးသီးသို့ တရားဝင် အမှာစာများပေးပို့၍ အရေးပါသော အထောက်အထားများဖြစ်သည့် မှတ်တမ်းစာတွဲများကို ရယူလွှဲပြောင်း စုဆောင်းပါသည်။ သုတေသနပြုသူ စာဖတ်သူများသည် မှတ်တမ်း၊ မော်ကွန်းများအား ရှာဖွေရာတွင်လမ်းညွှန် စာအုပ်၊ တိုက်ပိုင်စာရင်း၊ အနှစ်ချုပ်စာရင်းများ၊ ကွန်ပျူတာများတွင် သက်ဆိုင်ရာ စာရှာအကူ (ဝန်ထမ်း)များ၏ အကူ အညီဖြင့် ရှာဖွေဖတ်ရှုနိုင်ပါသည်။ သို့သော် မှတ်တမ်း၊ မော်ကွန်းများအား ပြင်ပသို့ ငှားရမ်း ယူဆောင်ခွင့်မပြုပါ။ ပြည်တွင်းပြည်ပမှ ပညာရှင်များ၊ ကျောင်းသား/ကျောင်း သူ သုတေသီများ၊ ဝန်ကြီးဌာန အဖွဲ့အစည်းများမှ ရှာဖွေ ဖတ်ရှုကြပါသည်။

အမျိုးသားပြတိုက်တွင် လေ့လာလိုသူများ (Observer)သည် ထိန်းသိမ်းထားရှိသော နိုင်ငံ၏ ရှေးဟောင်းအမွေအနှစ်များ၊ ရှေးဟောင်းယဉ်ကျေးမှုများဆိုင်ရာ မူရင်းပစ္စည်းများ၊ ယဉ်ကျေးမှုဖြစ်ပေါ် ပြောင်းလဲပုံအဆင့်ဆင့်နှင့်သက်ဆိုင်သော ပစ္စည်းများ၊ နိုင်ငံတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ၏ ယဉ်ကျေးမှုဆိုင်ရာ အမွေအနှစ်များ၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အမွေအနှစ်များ၊ ကျောက်စာများ အစရှိသော အထောက်အထားများ ခင်းကျင်းပြသထားသည်များအား ၎င်းအဆောက်အဦးအတွင်း၌သာ ကိုင်တွယ်ခွင့်မပြုဘဲ လေ့လာကြည့်ရှုနိုင်ပါသည်။ ရယူစုဆောင်းရာတွင် နိုင်ငံတော်၏ ဦးဆောင်မှု၊ အလှူရှင်များ၏ လှူဒါန်းမှုများမှတစ်ဆင့် ရယူစုဆောင်းပါသည်။ လေ့လာလိုသူများသည် ခင်းကျင်းပြသထားသောရုပ်ပုံ၊ ရုပ်လုံးများ၏ စာတမ်း (Caption) များအားကြည့်ရှုခြင်းဖြင့် လေ့လာရပါသည်။ အဓိကအားဖြင့် ကမ္ဘာလှည့် ခရီးသည်အများစုနှင့် လေ့လာသူ ဧည့်သည်များ ကြည့်ရှုကြပါသည်။

အမျိုးသားစာကြည့်တိုက်တွင် အသုံးပြုသူ (Users) များသည် ၎င်းတို့ဖတ်ရှုလိုသော အကြောင်းအရာများနှင့် သက်ဆိုင်သည့် စာအုပ်စာတမ်းများအား ကိုယ်တိုင်ရှာဖွေအသုံးပြုရပါသည်။ ပုံနှိပ်ထုတ်ဝေထားသော ဗဟုသုတရရှိစေနိုင်သည့် အကြောင်းအရာမျိုးစုံပါဝင်သည့် စာအုပ်စာတမ်းများအား အမျိုးအစား အလိုက် အကြောင်းရာအလိုက်၊ ဘာသာရပ်အလိုက်ခေါင်းစဉ်များ ခွဲခြား၍ ထားပါသည်။ အများအားဖြင့် စီးပွားရေးတစ်ရပ် အနေဖြင့် ရည်ရွယ်၍ ထုတ်ဝေထားသော စာအုပ်များဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အစရှိသည့် သုတ၊ ရသမျိုးစုံပေးနိုင်သော စာအုပ်၊စာတမ်းများ လိုအပ်လျှင် ထပ်မံ၍ ထုတ်ဝေနိုင်သော စာအုပ်အများစုများဖြစ်သည်။ အသုံးပြုသူများမှာ ဗဟုသုတရှာဖွေသူများ၊ ကျောင်းသားကျောင်းသူများ အများစုဖြစ်ပြီး ၎င်းတို့အလိုရှိသော စာပေအမျိုးအစားများကိုပြင်ပသို့တရားဝင် ငှားရမ်းခွင့်၊ ယူဆောင်ခွင့်ရှိပါသည်။ စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန၊ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနတို့သည် နိုင်ငံတော်တွင် ရှိသင့်ရှိထိုက်သည့် ဦးစီးဌာနများတစ်နည်းအားဖြင့် မြန်မာ့ဒီမိုကရေစီမူဘောင်အား ပိုမိုပီပြင်စေရေးအတွက် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကို ဖော်ဆောင်မည့်သုတေသနပြုသူများ၊ ဗဟုသုတရှာဖွေသူများ၊ ကျောင်းသူ/ကျောင်းသားများ၊ လေ့လာသူများအပေါ် ကူညီထောက်ပံ့ပေးနေသော ဌာနများဖြစ်ပါကြောင်းနှင့် အမျိုးသားမော်ကွန်းတိုက်အား အမျိုးသားပြတိုက်နှင့် အမျိုးသား စာကြည့်တိုက်တို့ကဲ့သို့ ပြည်သူအများ သိရှိအသုံးပြုကြသကဲ့သို့ ကျွန်ုပ်တို့၏ အမျိုးသားမော်ကွန်းတိုက်ကိုလည်း အများပြည်သူများ သိရှိနိုင်ပါစေရန် ရည်ရွယ်ချက်ဖြင့် ဤသို့ရေးသားခြင်းဖြစ်ပါသည်။ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့သည်၎င်းတို့၏ စီမံခန့်ခွဲရေးလုပ်ငန်းများ၊ စုဆောင်းထိန်းသိမ်းခြင်းလုပ်ငန်းနှင့် လုံခြုံရေးစီမံဆောင်ရွက်မှု လုပ်ငန်းများအား ပြောင်းလဲလာသည့် နည်းစနစ်အခြေအနေတွင် ပိုမိုကောင်းမွန်သည့် နည်းပညာများဖြင့် စီမံဆောင်ရွက်နေကြပါသည်။ ယခုလိုရေးသားချက်အပေါ် လိုအပ်ချက်များ မပြည့်စုံမှုများ ရှိနိုင်ပါသည်။ ရိုးသားစွာဝန်ခံပါသည်။ အမျိုးသားပြတိုက်နှင့် အမျိုးသား စာကြည့်တိုက်တို့သည် ကျွန်ုပ်တို့ဌာနနှင့် ဦးစီးဌာန မောင်နှမအချင်းချင်း ဖြစ်ခြင်းကြောင့် ဖော်ပြပါရည်ရွယ်ချက်ဖြင့် နှိုင်းယှဉ်ရေးသားရခြင်းဖြစ်ပါပေသည်။ မည်သို့ပင်ဆိုစေကာမူ အမျိုးသား မှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနမှ သုတေသီများ၊ ကျောင်းသူ/ကျောင်းသားများ အသုံးပြုသူအပေါင်းတို့အား နွေးထွေးစွာကြိုဆိုပါသည်။



# အိမ်နီးချင်း နိုင်ငံများ၏ မျှော်မှန်း ပုံရိပ်များ

| ထင်အောင်ဇော် |

နိုင်ငံတိုင်းသည် မိမိနိုင်ငံကို ကမ္ဘာ့အလယ်တွင် ဝင့်ထည်နိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်ကြရာတွင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှနှင့် အကောင်အထည်ဖော်နိုင်ကြရန်အတွက် စိတ်ခွန်အားပေး တိုးမြှင့်ပေးနိုင်သည့် မျှော်မှန်းချက်များ ချမှတ်ခဲ့ကြသည်။ လက်ရှိအခြေအနေမှ အနာဂတ်ကာလ အပိုင်းအခြားတစ်ခုတွင် နိုင်ငံကို မိမိတို့ပုံဖော်လိုသော ပုံသဏ္ဌာန်များ ဖြစ်ပေါ်နိုင်ရေး မူဝါဒများ၊ စီမံကိန်းများ ရေးဆွဲ၍ ပုံစံချမှတ်ခြင်းပင် ဖြစ်သည်။ ထိုသို့ချမှတ်ရာတွင် ဉာဏ်ပညာကြီးမားခြင်း၊ စဉ်းစားတွေးခေါ်နိုင်မှု မြင့်မားခြင်းနှင့် စည်းမျဉ်းစည်းကမ်းနှင့်ပြည့်စုံပြီး ဥပဒေစိုးမိုးမှု၊ ပြည်သူများကို မျက်နှာမူသည့် ဆုံးဖြတ်နိုင်စွမ်းရှိသော အဖွဲ့အစည်းရှိသည့် နိုင်ငံများ၏ ပန်းတိုင်သည် စိတ်ကူးယဉ်မှုမှ လက်တွေ့ပုံသဏ္ဌာန် အဖြစ်သို့ ပြောင်းလဲလာမည်ဖြစ်ပါသည်။

**အိန္ဒိယနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အတွက် ပုံဖော်မှု**

အိန္ဒိယနိုင်ငံသည် ကျေးလက်ဒေသနှင့် မြို့ပြကွာဟမှုလျော့နည်းစေရေး၊ စွမ်းအင်နှင့် အရည်အသွေးမီသော သောက်သုံးရေများ ညီညွတ်မျှတစွာ ဖြန့်ဖြူးရေးနှင့် ရရှိရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများအစရှိသည့် ကဏ္ဍပေါင်းစုံပါဝင် ဆောင်ရွက်ရေး၊ လူမှုစီးပွားရေး ခွဲခြားဆက်ဆံမှုကြောင့် ချီးမြှင့်ထိုက်သူများကို ပိတ်ပင်ခြင်း မရှိသော ကောင်းမွန်သော ပညာရေးစနစ် ကျင့်သုံးရေး၊ စွမ်းဆောင်ရည်မြင့်သော ပညာသင်များ၊ သိပ္ပံပညာရှင်များနှင့် ကမ္ဘာအနှံ့မှ ရင်းနှီးမြှုပ်နှံသူများအတွက် ကောင်းမွန်သော ရည်မှန်းချက်ပန်းတိုင်ထားရှိရေး၊ နေရာအနှံ့တွင် ကောင်းမွန်သော ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်၊ ပွင့်လင်းမြင်သာမှုရှိရေးနှင့် အကျင့်ပျက်

ခြစားမှုပပျောက်ရေး၊ ဆင်းရဲနွမ်းပါးမှု အမြစ်ပြတ်ချေမှုန်းရေး၊ စာမတတ်မြောက်မှုပပျောက်ရေး၊ အမျိုးသမီးနှင့် ကလေးသူငယ်များအပေါ် ရာဇဝတ်မှုများ ကင်းဝေးရေးနှင့် လူတိုင်း လူမှုစီးပွားနယ်ပယ်တွင် ကင်းကွာမှု မရှိစေရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အကြမ်းဖက်မှုကင်းဝေးရေး၊ ငြိမ်းချမ်းသာယာရေးနှင့် စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုများ ဆက်လက် ကြိုးပမ်းဆောင်ရွက်ရေး၊ ခေါင်းဆောင်မှုအပိုင်းနှင့် နေထိုင်ရန် သင့်လျော်ကောင်းမွန်သော အကောင်းဆုံး နေရာများတွင် တစ်ခုအပါအဝင်ဖြစ်ရေး ရည်မှန်းချက်များဖြင့် 'ကြောက်ရွံ့မှု၊ တုန်လှုပ်မှုကင်းမဲ့သော၊ ကမ္ဘာ့အလယ်တွင် အစဉ်အမြဲ ဦးမော့နိုင်သော၊ လွတ်လပ်စွာတွေးခေါ်နိုင်သော၊ ပြည်တွင်း ကွဲလွဲချက်များ လျော့ကျအောင်ပြုလုပ်ပြီး ပိုမိုပေါင်းစည်းစေသော၊ သွားရမည့်လမ်းကြောင်း မည်သည့်အကြောင်းကြောင့်မှ မပျောက်ဆုံးစေသော၊ ကျယ်ပြန့်သော အမြင်နှင့် လုပ်ဆောင်ချက်များဖြင့် စိတ်များကို အမြဲရွက်လွှင့်ထားသော၊ မှန်ကန်ပြီး ဂုဏ်သိက္ခာရှိသော စကားလုံးများကိုသာ ပြောဆိုမည့်နိုင်ငံ' ဖြစ်စေရေးမျှော်မှန်း ပုံဖော်လျက်ရှိပါသည်။

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏၂၀၂၁ ခုနှစ်အတွက် ပုံဖော်မှု

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နိုင်ငံသားတိုင်း တန်းတူအခွင့်အရေးရရှိရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားအားလုံး စားနပ်ရိက္ခာဖူလုံမှုရှိရေး၊ ကျန်းမာရေး ကောင်းမွန်စေရေးနှင့် တန်းတူအခွင့်အရေးများ ရရှိစေရေး၊ နည်းပညာပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်၍ နိုင်ငံ၏လိုအပ်ချက်ဖြစ်သည့် လူသားအရင်းအမြစ်ကို ဖော်ဆောင်နိုင်ရန်အတွက် နိုင်ငံသား အားလုံးခေတ်နှင့်အညီ ပညာရေးကို အမှီလိုက်နိုင်ရေး၊ အရင်းအမြစ်အားလုံးကိုကောင်းမွန်စွာ အသုံးပြုခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဒီမိုကရေစီ၏ စည်းမျဉ်း / စည်းကမ်းများ၊ တရားဥပဒေ၊ လူ့အခွင့်အရေး၊ ကျား/မ တန်းတူ အခွင့်အရေး၊ ဒေသခံပြည်သူများနှင့် အားနည်းသောသူများ၏ အခွင့်အရေးကို လေးစားမှုရှိရေး၊ လူသားအားလုံး၏ ဖန်းတီးနိုင်မှုစွမ်းအားကို အလေးထား၍ အားပေးမြှင့်တင်ရေး ရည်ရွယ်၍ "To build Bangladesh into a resilient, productive, innovative, and prosperous nation with a caring society consisting of healthy, happy, and well-educated people" 'ကျန်းမာပျော်ရွှင်ပြီး ပညာတတ်များပါဝင်သော ဖေးမကူညီတတ်သည့် လူ့အဖွဲ့အစည်းဖြင့် ချမ်းသာကြွယ်ဝသော၊ တီထွင်နိုင်စွမ်းနှင့် ထုတ်လုပ်နိုင်စွမ်းရှိပြီး အင်အားကောင်းသော နိုင်ငံတစ်နိုင်ငံအဖြစ်သို့' ရောက်ရှိစေရန် မျှော်မှန်း ပုံဖော်လျက်ရှိပါသည်။

## ကမ္ဘောဒီးယားနိုင်ငံ၏ ၂၀၃၀ ပြည့်နှစ်အတွက် ပုံဖော်မှု

ကမ္ဘောဒီးယားနိုင်ငံသည် 'လူမှုရေးအရ စည်းလုံးမှုနှင့် စာတတ်မြောက်မှုမရှိခြင်း၊ ဆင်းရဲနွမ်းပါးမှုနှင့် ကျန်းမာရေး ချို့တဲ့မှုကင်းမဲ့သော ကမ္ဘောဒီးယားနိုင်ငံ နှင့် ပြည်သူများ အားလုံးသည် ငတ်မွတ်ခေါင်းပါးမှု၊ မညီမျှမှု၊ ခွဲခြားခံရမှုနှင့် အကူအညီ ကင်းမဲ့သောနေရာတွင် နေထိုင်နေခြင်းမျိုး မဖြစ်ရန်နှင့် ပြည်သူများ အားလုံးသည် ပညာရေးကဏ္ဍ အဆင့်မြင့်မှုဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်နိုင်ရန် အလားအလာရှိသော အသက်မွေးဝမ်းကြောင်းမှုကို ရွေးချယ်နိုင်စွမ်းရှိပြီး လူနေမှုအဆင့်အတန်းမြင့်မားလာစေရန်' နှင့် 'စီးပွားရေးလုပ်ငန်းများ အားလုံးမှီခိုနေရသည့် သဘာဝသယံဇာတများနှင့် ပတ်ဝန်းကျင်ရေရှည်ဆက်လက် တည်တံ့နေစေရေးအတွက် စဉ်ဆက်မပြတ် ဖွံ့ဖြိုးနေသော လူ့အဖွဲ့အစည်းကို ထူထောင်ရန်နှင့် သဘာဝပတ်ဝန်းကျင်နှင့် လူ့အဖွဲ့အစည်းကို ထိခိုက်မှုမရှိစေသည့် ရေရှည်တည်တံ့သော စီးပွားရေး၊ လူမှုရေးနှင့် အခြေခံအဆောက်အအုံများ ထူထောင်ပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ကြီးဌာနများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ် အစိုးရများနှင့် အဓိကကျသော Stakeholder များသည် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေးကို အားကောင်းအောင် ဆောင်ရွက်ရန်နှင့် ပြည်သူတို့၏ အကျိုးသည် ၎င်းတို့၏ အဓိကကျသော လုပ်ငန်းအဖြစ် ခံယူရန်' မျှော်မှန်း ပုံဖော်လျက်ရှိပါသည်။

## လာအိုနိုင်ငံ၏ ၂၀၂၀ ပြည့်နှစ်အတွက် ပုံဖော်မှု

လာအိုနိုင်ငံသည် ၂၀၁၅ ခုနှစ်တွင် MDGs အား အောင်မြင်ပြီးနောက် ၂၀၂၀ ပြည့်နှစ်တွင် အလယ်အလတ်ဝင်ငွေရှိသော နိုင်ငံအဖြစ်သို့ ကူးပြောင်းရန်၊ လူ့စွမ်းရည်နှင့် နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို အကျိုးသက်ရောက်မှု ဖြစ်စေသော အာဟာရဓာတ် ပြည့်ဝစွာ မရရှိခြင်းမှ လွတ်မြောက်သည့် နိုင်ငံဖြစ်ရန် မျှော်မှန်းချက်ဖြင့် ၂၀၂၀ ပြည့်နှစ်တွင် နယ်ပယ်တစ်ခုစီတိုင်းတွင် ဖြစ်ပေါ်နေသော (၁၈%) သော လေလွင့်ဆုံးရှုံးမှုများအား လျှော့ချရန်၊ စွန့်စားလုပ်ဆောင်မှုနှုန်းသည် (၄၀%) ၌ တည်ရှိနေစေရန်၊ ငါးနှစ်အောက်ကလေးတို့အား အကျိုးသက်ရောက်စေသော အာဟာရဓာတ်မပြည့်ဝမှုအား လျှော့ချရန်၊ ရည်ရွယ်၍ 'သက္ကရာဇ် ၂၀၂၀ ပြည့်နှစ်တွင် ဖွံ့ဖြိုးမှုနိမ့်ကျသော နိုင်ငံ (LDC) အဖြစ်မှ လွတ်မြောက်ရန်' မျှော်မှန်းပုံဖော်လျက်ရှိပါသည်။

## တရုတ်နိုင်ငံ၏၂၀၃၀ ပြည့်နှစ်အတွက် ပုံဖော်မှု

တရုတ်နိုင်ငံသည် ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံဖြစ်သော်လည်း ကြီးမားသော လူဦးရေကြောင့် ဝင်ငွေမညီမျှမှု ကွာဟချက်ကြီးမားခြင်းနှင့် အတူ တစ်ဦးကျဝင်ငွေတွင် နိမ့်ကျပြီးဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်နှင့်သာ တည်ရှိနေသောကြောင့် 'သဟဇာတဖြစ်ပြီး တီထွင်ဖန်တီးနိုင်စွမ်းနှင့် တစ်ဦးချင်းစီ၏ ဝင်ငွေမြင့်မားသော ခေတ်မီလူ့အဖွဲ့အစည်း ဆီသို့' မျှော်မှန်းချက်ဖြင့် နိုင်ငံကို ပုံဖော်မည်ဖြစ်ပါသည်။

## ထိုင်းနိုင်ငံ၏ ပုံဖော်မှု

ထိုင်းနိုင်ငံသည် တရားမျှတမှု၊ တန်းတူညီမျှမှု၊ ကြံ့ခိုင်မှုတို့နှင့် ပျော်ရွှင်မှုအတိပြီးသော လူမှုအဖွဲ့အစည်းဖြစ်ပေါ်လာရေး မျှော်မှန်းချက်ချမှတ်ထားပြီး ပြည်သူများ၏ ဘဝလုံခြုံမှုရှိရေးနှင့် အကာအကွယ်ပေးနိုင်ရန်အတွက် မျှတသော လူ့အဖွဲ့အစည်းတစ်ခုအဖြစ် ရောက်ရှိစေရန်၊ မျှတသော တရားစီရင်ရေးစနစ်အား အများလက်ခံလာရန်နှင့် ကောင်းမွန်သော အုပ်ချုပ်မှုအောက်တွင် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၌ ပူးပေါင်း ဆောင်ရွက်ရန်၊ အမှန်တရားကို မြတ်နိုးသော၊ အသက်အရွယ်အလိုက် ဗဟုသုတနှင့် ပြည့်စုံသောပြည်သူများ ဖြစ်လာစေရန်နှင့် ပြောင်းလဲမှုအလိုက် လိုက်ပါပြောင်းလဲနိုင်စေရေးအတွက် လူမှုအဖွဲ့အစည်းများနှင့် ဒေသတွင်းအဖွဲ့အစည်းများ ပိုမိုအားကောင်းလာစေရန်၊ အစားအစာနှင့် စွမ်းအင်ဖူလုံစေရေးကို ဆောင်ရွက်ရင်း ပြည်တွင်းရှိ ဗဟုသုတအတွေ့အကြုံများ၊ တီထွင်ဖန်တီးမှုများကို အခြေခံ၍ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ အကျိုးရှိမှုကို မြှင့်တင်ရန်၊ ထိုသို့ဆောင်ရွက်ရာတွင် စားသုံးမှု/ သုံးစွဲမှုသည် ပတ်ဝန်းကျင်အတွက် ထိခိုက်မှုမရှိသော စီးပွားရေးပုံသဏ္ဍာန်အဖြစ် ပြုပြင်ရန်နှင့် ဒေသတွင်း စီးပွားရေးနှင့် လူမှုရေး အကျိုးစီးပွားအတွက် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရေး ပိုမိုခိုင်မာစေရန်၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ်တို့၏ အကျိုးဆက်များအား ကြံ့ကြံ့ခိုင်ခိုင်စွမ်း တိုးတက်စေရေးနှင့် လူ့အသိုက်အဝန်း၏ ပူးပေါင်း ပါဝင်ဆောင်ရွက်ခြင်းဖြင့် လုံခြုံစိတ်ချရသော သဘာဝ ရင်းမြစ်များနှင့် ပတ်ဝန်းကျင် တည်ဆောက်ရန် ရည်ရွယ်ချက်များဖြင့် ဘက်စုံဖွံ့ဖြိုးတိုးတက်သည့် ပြည်သူ့ဗဟိုပြုဆီသို့ ချဉ်းကပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်မှုကို ဟန်ချက်ညီစေရန်၊ ဦးစားပေးမှုကို ကျယ်ပြန့်စွာ ပါဝင်ရရှိစေရန်နှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့် တက်ကြွစွာ ထိတွေ့ဆက်ဆံရန်၊ ပုဂ္ဂလိက အခန်းကဏ္ဍနှင့် ပညာရေးလောကတွင် အမျိုးသားဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများ ရေးဆွဲရာတွင်သေချာစွာ ပါဝင်ရန်ဆောင်ရွက်လျက်ရှိပါသည်။

ဂလိုဘယ်လိုက်ဇေးရှင်း (Globalization) ခေတ်နှင့်အညီ တစ်နိုင်ငံတည်း ရပ်တည်၍ နေထိုင်ရန် မဖြစ်နိုင်သောကြောင့် မိမိနိုင်ငံကို ကမ္ဘာကြီးနှင့် ရင်ဘောင်တန်း၍ အများနည်းတူ ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေရန်အတွက် ရောက်ရှိနေသည့် အနေအထားမှ အနာဂတ်ကာလ ပုံရိပ်ကို တိကျစွာပုံဖော်၍ တိကျသော မူဝါဒ၊ မျှော်မှန်းချက်၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များဖြင့် ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

# ဘဝ အတွေ့တွေ(၁)

[ ခေတ် အဆက်ဆက် နိုင်ငံ့တာဝန်များကို ထမ်းဆောင်ခွင့်ရသော ECO ဘွဲ့ရများအား ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။ ]

| ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) |

**မူလတန်း**

ယခုလ ကလေးတွေ ကျောင်းအပ်နေကြတာတွေ့ရတော့ မိမိငယ်စဉ်ဘဝကို တွေးကြည့်မိတယ်။ လွန်ခဲ့သော နှစ်(၆၀)ခန့်က ဒေးဒရဲမြို့အလယ်ပိုင်းက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ကျောင်းမှာ အဖေက လက်ဆွဲပြီး လိုက်အပ်ခဲ့တယ်။ ဖီးကြမ်း ငှက်ပျောသီး တစ်ဖီး၊ နို့ဆီတစ်လုံးနဲ့ ကျောင်းအပ်တာ အဖေက သူ့သားကြီးလျှင်နိုင်ငံခြား သွားရအောင် နိမိတ်နဲ့ နို့ဆီဘူးနဲ့ ကျောင်းအပ်တယ်လို့ပြောတယ်။ သူငယ်တန်း(ဝ လုံးတန်း)မှာ ထားခဲ့တယ်။ အဖေ ပြန်သွားတော့ ဝမ်းနည်းပြီး ငိုလိုက်တာ၊ ဆရာမကြီးက ကြိမ်လုံးနဲ့ စားပွဲကို ရိုက်လိုက်တော့မှ လန့်ပြီး တိတ်သွားတယ်။



အမေရဲ့ အစ်မကြီးရှိတဲ့ တော်တနီးရွာ (မြို့မှ ၂ မိုင်ဝေး)သို့ ပြောင်းတော့ ကျောင်းပြောင်းရပြန်တယ်။ (၆) နှစ် မပြည့်သေးလို့ ပထမတန်း မရသေးတော့ သူငယ်တန်း (ကြီး)မှာ နေရတယ်။ တော်တနီးရွာ မူလတန်းကျောင်း အုပ်ဆရာကြီး ဦးဘရှိန်က အလယ်ပိုင်း၊ မူလတန်း ကျောင်းအုပ်ဆရာမကြီးရဲ့ ဖခင်ဖြစ်တယ်။ ဆရာကြီးနဲ့ အဒေါ်ကြီးတို့က ရင်းနှီးတဲ့ မိတ်ဆွေတွေ ဖြစ်ကြတယ်။ ပထမတန်း မတက်ရသေးတော့ အမေတို့ရွာ ( ကော့မှူး မြို့နယ် ဦးတိုကျေးရွာ)သို့ မကြာခဏ လိုက်သွားတယ်။ ထိုစဉ်က အမေရထားတဲ့ အမွေ လယ်မြေ ဧက (၄၀)ကို အခြားသူတွေကို လုပ်ခွင့်ပေးထားတယ်။ သီးစား ချထား တယ်လို့ ပြောတယ်။ စပါးပေါ် ချိန်မှာ သီးစားခ လိုက် တောင်းတာလို့ ပြောတယ်။ ၁၉၆၂ ခုနှစ် နောက်ပိုင်းမှာ လယ်လုပ်သူ လယ်ပိုင်တယ်ဆိုတဲ့မူနဲ့ သီးစားခတောင်းလို့ မရတော့ပါ။ သဒ္ဓါကြေးကနေ နောက်ပိုင်း မိသားစုစားရန် ဆန်နဲ့ ငှက်ပျောသီးခိုင်လောက်ပဲ ရတော့တာ မှတ်မိသေး တယ်၊ ရွာကိုခဏခဏ လိုက်သွားတော့ ကျောင်းပျက်တယ်။ ကျောင်း မတက်ချင်တော့ဘူး၊ မနက် ကျောင်းတက်ရမယ် ဆိုတာ သိတာနဲ့ အိပ်ယာက မထတော့ဘူး၊ နေမကောင်း ဘူးလို့အမေ့ကိုပြောတယ်။ အမေက ဒီဉာဏ်လောက်တော့ သိတာပေါ့။ အိမ်ရှေ့က ဖြတ်သွားတဲ့ ဆရာကြီးကို လှမ်း ခေါ်တယ်။ ဆရာကြီးက အိပ်ယာထဲ ဝင်ဆွဲခေါ်တယ်။ ဘာဖြစ်လို့ ကျောင်းမတက်ချင်တာလဲ၊ စာမတတ်ပါက ကြီးလျှင် ဘာလုပ်စားမလဲ မေးတယ်။ မိမိက မုန့်ရောင်း စားမယ်လို့ဖြေတယ်၊ မုန့်ရောင်းရင် ဘယ်လိုရောင်းမလဲလို့ မေးတယ်။ မိမိက ဒီအပိုင်းက ဘိန်းမုန့်လို့ ဖြေတယ်။ နမူနာလည်း အော်ပြလိုက်တယ်။ အဲဒီအခါ ဆရာကြီးက ကြိမ်လုံးနဲ့ ရိုက်ပြီး ကျောင်းကို ဆွဲခေါ်သွားတယ်။

အဲဒီအချိန်က တော်တနီးရွာ မူလတန်းကျောင်း မှာ နံနက်ကျောင်းတက် ခေါင်းလောင်းခေါက်ပြီးတာနဲ့ အားလုံး စုပေါင်းဘုရားရှိခိုးရတယ်။ (၅)မိနစ် တရား ထိုင်ရတယ်။ ဆရာကြီးက 'ဖောင်းတယ်၊ ပိန်တယ်' မှတ် ခိုင်းတယ်။ ရန်ကုန်သွားတုန်းက ရလာတဲ့ မဟာစည် တရားထိုင်နည်းလို့ ဆရာကြီးက ပြောတယ်၊ ပြီးမှ ကိုယ့် အတန်း ကိုယ်သွားပြီး စာသင်ကြရတယ်။ ထိုစဉ်က ကျောင်းအုပ်ကြီးရုံးခန်းမှာ နိုင်ငံတော်သမ္မတကြီး (ဦးဝင်း မောင်)နဲ့ ကြက်ခြေနီ ဆေးသေတ္တာ ချိတ်ဆွဲထားတယ်။ မကြာခဏ ဘီတာမင် ဆေးပြားအဝါရောင်၊ အနံ့ပြင်းပြင်း တွေ သောက်ရတယ်။ ဒုတိယတန်းမှာ ကင်းထောက်ငယ် (ဝံပုလွေ)ဆိုတဲ့အဖွဲ့မှာ ပါရတယ်။ ဘောင်းဘီတို နက်ပြာ ရောင်၊ ကာကီရောင်အင်္ကျီ၊ ပုဝါလည်စီး၊ ကင်းဘတ်ဖိနပ် စီးရ တယ်။ 'စည်းလုံး ညီညာ အောင်ကြောင်းဖြာ' ဇာတ် ကွက် ဖော်တဲ့ မီးပုံပွဲ ကဖူးတယ်၊ ထင်းစည်းကို ချိုးမရ ကြောင်း၊ တစ်ချောင်းချင်းဖြစ်သွားတဲ့ အခါ ချိုးလို့ ရတဲ့ အကြောင်း အဘိုးအိုက ပညာပေးပြောဆိုတဲ့ ပုံပြင်ဖြစ် တယ်။ တစ်ချောင်းချင်းချိုးတဲ့ အလှည့်မှာ မိမိ လက်ထဲ ရောက်တဲ့ ထင်းချောင်းက အစိမ်း(စိုနေတဲ့)ချောင်းဖြစ် တော့ တစ်ခါတည်း ချိုးလို့ မရလို့ ချွေးပြန် ခဲ့ရတယ်။ ပရိသတ်က ဝိုင်းရယ်တာ ခံရဖူးတယ်။

တတိယတန်းမှာ ဆရာမက သင်ပေးတဲ့ သင်္ချာ အခြေခံ မြင်တတ်ပုံကို အခုထိ သတိရနေသေးတယ်။ (၁) မှ (၁၀)အထိ အမြန်ပေါင်းနည်းဖြစ်တယ်။ (၁ နဲ့ ၉) (၂ နဲ့ ၈) (၃ နဲ့ ၇) (၄ နဲ့ ၆) (၅)နဲ့ (၁၀) အားလုံးပေါင်းပါက (၅၅) ဖြစ်တယ်ဆိုတဲ့ နည်းတိုဖြစ်တယ်။ စတုတ္ထတန်းမှာတော့ ဆရာက နာမည်တွေ အင်္ဂလိပ်လို ပေါင်းနည်း သင်ပေး တယ်။ မိမိ အမည်ကို Kyaw Dun လို့ ပေါင်းပြတယ်။ မိမိက Dun ကို ဒန်းလို့ဖတ်တော့ ဆရာက Tun ကို ထွန်းလို့ အသံ ထွက်ရင် Dun ကို ဒွန်းလို့ အသံထွက်တယ်လို့ သင်ပေးခဲ့ တယ်။ စတုတ္ထတန်း အတန်းပိုင်ဆရာက ကျောင်းနောက် ဘက် အဆောင်ပုံမှာ နေတယ်။ စာမေးပွဲနီးလျှင် စတုတ္ထ တန်း ကျောင်းသားတွေကို ကျောင်းမှာ ခေါ် အိပ်စေပြီး ညပိုင်း စာကျက်ခိုင်းတယ်။ အဲဒီခေတ်က မူလတန်းပြ ဆရာရဲ့ လစာက (၁၂၆)ကျပ်၊ ခေါက်ဆွဲကြော် တစ်ထုပ် (၁)ကျပ်ဆိုတော့ (၁၂၆)ထုပ် ဝယ်နိုင်တယ်လို့ ဝယ်နိုင် စွမ်းအားကို တွက်လို့ရပါတယ်။ ယခု ခေါက်ဆွဲကြော် တစ်ထုပ် (၁၈၀၀) x (၁၂၆) ထုပ် = (၂၂၆၈၀၀)ကျပ် ဖြစ် တယ်။ Eco ကျောင်းဆင်းဆိုတော့ စဉ်းစားကြည့်တာပါ။

မူလတန်း ကျောင်းသားဘဝမှာ ဆရာ/ဆရာမ

များ  ပေးလိုက်တဲ့ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး အခြေခံတွေကြောင့် ဘဝမှာ အောင်မြင်မှုတွေ ရခဲ့တယ်။ မူလတန်း ဆရာ/ဆရာမတွေဟာ ပျော့ပြောင်းတဲ့ ရွှံ့ရုပ်လေးတွေကို ပုံဖော်ပေးလိုက်တာပါပဲ၊ ရှိခိုးပူဇော် လိုက်ပါတယ်။

**အလယ်တန်း**

ပဥ္စမတန်း ရောက်တော့ ဒေးဒရဲ အထကမှာ တက်ရတယ်။ ဆဋ္ဌမတန်း ဆရာက သင်္ချာသင်တာဟာ ဘဝမှာ တွက်ချက် စဉ်းစားတတ်အောင် သင်ပေးတာ ဖြစ်တယ်။ မိမိနေ့စဉ် ရတဲ့ မုန့်ဖိုးကို ဘယ်လို သုံးစွဲမလဲ ဆိုတာ စဉ်းစားတာက သင်္ချာဘာသာရပ်ပဲလို့ရှင်းပြတယ်။ မိမိက တစ်နေ့ မုန့်ဖိုး(၁၀)ပြားရတယ်။ မုန့်ဟင်းခါး တစ်ပွဲ အကြော်မပါ စားနိုင်တယ်။ ကြွေပန်းကန်ပြားနဲ့ ဇွန်းခရင်းနဲ့ အုန်းထမင်းတစ်ပွဲ၊ ကြက်သားဟင်း တစ်တုံး၊ အချဉ်နဲ့ တစ်ပွဲ (၂၅)ပြား ပေးရတယ်။ သိပ်စားချင်တော့ မုန့်ဖိုး သုံးရက်စုပြီးမှ စားနိုင်တယ်။ သတ္တမတန်းမှာ အင်္ဂလိပ်စာ သင်တဲ့ဆရာက My Breakfast, Essay သင်တယ်။ နောက်ဆုံးအပိုဒ်မှာ After My Breakfast I drink some water လို့ မိမိက ရေးလိုက်တယ်။ ဆရာက I drink some milk. လို့ ရေးရမယ် ပြောတယ်။ မိမိက အိမ်မှာ နို့မသောက်နိုင်ကြောင်း ပြောတယ်။ ဆရာက မင်းက တောသားပဲ၊ အင်္ဂလိပ်စာ သင်တာ အင်္ဂလိပ်လို တွေးရမယ်ဆိုပြီး ပြောတယ်။ မိမိကမပြင်လို့ ကြိမ်လုံးနဲ့ ရိုက်ခံရတဲ့အပြင် အိမ်လိုက်လာပြီး အမေကို လာတိုင်သွားတယ်။ အဖေက ထပ်ရိုက်တယ်။ (၇)တန်းမှာ သင်္ချာညံ့တာရယ်၊ အပေါင်းအသင်း မက်တာရယ်၊ စာမကျက်တာကြောင့် စာမေးပွဲ ကျသွားတယ်။ အိမ်မှာ ထမင်းစားရင်(၇)တန်း မအောင်တဲ့ကောင် ထမင်းဝိုင်းထဲ ဝင်မစားရဘူး။ ဟင်းပုံ ပေးလိုက်ပါ။ အပြင်မှာ သွားထိုင်စားလို့ အဖေက အမိန့်ပေးတယ်။ ထမင်းပန်းကန်ထဲ မျက်ရည်များ ကျကုန်တော့တယ်။

အဖေက တော်တနီးရွာမှာ မနေတော့ဘဲ မြို့ပေါ်မှာ တက်နေတယ်။ အဋ္ဌမတန်း ရောက်တော့ သိပ္ပံတွဲ ရတယ်။ တရုတ်တန်းမှာနေတော့ စာတော်တဲ့ တရုတ်ကပြားလေးတွေနဲ့ ပေါင်းရတယ်။ အဲဒီတော့ ကိုယ်လည်း စာတော်လာတယ်။ ဘတ်စကတ်ဘောလည်း ကစားတတ်တယ်။ ရေကူးတတ်တယ်။ အဖေက အင်္ဂလိပ်စာ တတ်စေချင်လို့ တစ်လ (၅)ကျပ်နဲ့ ကျူရှင်ထားတယ်။ ညပိုင်းကို ဆန်စက်သူဌေးသား ရန်ကုန်စိန်ပေါလ် ကျောင်းသားဟောင်း အိမ်မှာ အင်္ဂလိပ်စာ အခမဲ့ သွားတက်ခိုင်းတယ်။ (၈)တန်းမှ(၁၀)တန်းအထိ ရူပဗေဒကို ဆရာလူပျိုကြီးက ညစဉ် သူ့အိမ်မှာ အခမဲ့ ခေါ်သင်ပေးတယ်။ သင်္ချာဘာသာမှာ ဦးပန်းရည်ရေးတဲ့ စာအုပ်ကြီးနဲ့ သင်ရတယ်။ ပထမ နမူနာပုံစံ တွက်များကို သင်ပေးတယ်။ နောက်လေ့ကျင့်ခန်းမှ ပုစ္ဆာတွေ တွက်ခိုင်းတယ်။ အထပ်ထပ် လေ့ကျင့်ပေးတယ်။ (၉)တန်း၊ (၁၀)တန်း အစိုးရစစ်စာမေးပွဲများမှာ Unseen ပုစ္ဆာများကို အဖြေမှန်အောင် တွက်နိုင်တယ်။ (၁၀)တန်းမှာ အင်္ဂလိပ်စာကို ကျောင်းအုပ်ဆရာမကြီးကိုယ်တိုင် High School English Grammar, E.W Halton ရေးတဲ့ စာအုပ်အနီကို သင်ပေးတယ်။ စာမရပါက သစ်သားပေတံ (၁၂)လက်မနဲ့ လက်ဝါးကို ရိုက်တယ်။ ဒါကြောင့် (၁၀)တန်းမှာရခဲ့တဲ့ အင်္ဂလိပ်စာ အခြေခံနဲ့ စီးပွားရေးတက္ကသိုလ်ရောက်တော့ English Class ကို Free ရိုက်သွားနိုင်တယ်။

နဝမတန်း(၉တန်း)တုန်းက တိုင်းပညာဝန် လာစစ်တယ်။ ရူပဗေဒ ဆရာ စာသင်တာ ကို ရပ်ကြည့်တယ်၊ ပြီးတော့ ရောက်တဲ့နေရာကနေ ဆက်သင်ပြသွားတယ်။ ကျောင်းသားတွေကို စာမေးသွားတယ်။ (၁၀)တန်းမှာ လေ့လာရေး သွားရတယ်။ တွံတေးမြို့နယ် အိုးလုပ်ငန်းကို လေ့လာရတယ်။ အိုးလုပ်သူက ၎င်းရဲ့အိုးများကို နာနာ ရိုက်တာဟာ ခိုင်ခံ့အောင်လို့ဆိုတဲ့ အယူအဆကို ဆရာက ကျောင်းသားတွေ တော်အောင်ဆုံးမတာနဲ့ဥပမာပေးတာ မှတ်သားခဲ့တယ်။ တွံတေးသိန်းတန်ရဲ့ရွာကို သွားလေ့လာခဲ့တယ်။ သူ့ရဲ့အစ်ကိုနဲ့ တွေ့တယ်။ ထွေးညိုတို့ ဘကြီးမှုံတို့ တကယ် ရှိ-မရှိ စပ်စုခဲ့တယ်။

မိမိအနေနဲ့ (၇)တန်း ကျတယ်။ (၈)တန်းမှာ စာတော်တဲ့ အသိုင်းအဝိုင်းနဲ့ တွေ့တယ်။ ကြိုးစားတော့ ၎င်း School Final (၉)တန်း နှင့် တက္ကသိုလ်ဝင်တန်း(၁၀)



တန်းကို အမှတ်ကောင်းကောင်းနဲ့ အောင်ခဲ့တယ်ဆိုတဲ့ အတွေ့အကြုံကိုရစေတယ်။ (၁၀)တန်းကိုအမှတ်ကောင်းစွာနဲ့ အောင်ဖို့ ကျောင်းသားတစ်ယောက်ရဲ့ နေ့စဉ်နေထိုင်မှုပုံစံဟာ သိပ်အရေးကြီးတာ တွေ့ရတယ်။ (၈) တန်း အောင်တာနဲ့ ကစားတာတွေ လျှော့လိုက်တယ်။ ဘောလုံး မကန်တော့ဘူး၊ ရေမကူးတော့ဘူး။ နေ့စဉ်အချိန်ဇယားအနေနဲ့ ပြောရရင် နံနက် (၅)နာရီခွဲ အိပ်ရာထ၊ မိခင်ရဲ့ ဈေးဆိုင်ဖွင့်ပေးတယ်၊ မိမိကိုယ် သန့်ရှင်းရေးလုပ်တယ်။ ကျောင်း သွားတယ်။ (၇)နာရီ ကျောင်းချိန်စတယ်။ နေ့လည် (၁၂)နာရီ ကျောင်းဆင်းတယ်။ အိမ်ရောက် နေ့လယ်စာ စားတယ်။ ခေတ္တနားပြီး နေ့လည်(၁) နာရီခွဲမှစပြီး စာကျက်တယ်။ (၃)နာရီခွဲမှာ နားတယ်။ (၄) နာရီမှာ အမေ့ဆိုင်အတွက် ဈေးသွားဝယ်ပေးတယ်။ (၅) နာရီမှ (၆)နာရီအထိ လမ်းလျှောက်ထွက်တယ်။ အဲဒီအချိန်မှာ (၁၀)လိပ်ဝင် ဒူးယားစီးကရက် တစ်ဘူး ပြား(၆၀)နဲ့ဝယ်တယ်။ လမ်းလျှောက်ရင်း ဆေးလိပ်ခိုးသောက်တယ်။ ဆေးလိပ်သောက်ခွင့်လိုင်စင် မရသေးပါ။ ကွမ်းယာဆိုင်မှာ သွားဝယ်တာ၊ အခြားသူများ မမြင်ရန် ဝှက်ပြီးဝယ်ယူရတယ်။ တစ်စုံတစ်ယောက် မြင်သွားပါက အိမ်သို့ပြန်တိုင်မှာ ကြောက်သောကြောင့် ဖြစ်တယ်။ ညနေ (၆) နာရီလမ်းမီးလာလျှင် အိမ်အရောက်ပြန်ပြီး ည(၉) နာရီခွဲထိ စာကျက်ရတယ်။

## စေတနာ/ဝါသနာ/အနစ်နာ

မိမိတို့(၁၀)တန်းမှာ သင်တဲ့ ဆရာတွေရဲ့ ပညာအရည်အချင်းတွေ ပြောပြချင်တယ်။ မဟာဘွဲ့၊ ဒေါက်တာဘွဲ့တွေ မရကြပါ။ မြန်မာစာနဲ့ သင်္ချာသင်တဲ့ ဆရာကြီး(၂) ယောက်က ရှေး (၁၀)တန်းလို့ အများပြောတာ ကြားဖူးတယ်။ ဘာသာရပ်ပိုင်တယ်၊ စေတနာအပြည့်ထားတယ်။ ရူပဗေဒနဲ့ ဓာတုဗေဒ သင်တဲ့ဆရာ (၂)ယောက်က သိပ္ပံဘွဲ့ရတယ်။ အင်္ဂလိပ်စာသင်တဲ့ အထက်တန်း ကျောင်းအုပ်ဆရာမကြီးက ဘီအေ၊ ဘီအီးဒီ ဘွဲ့ရတယ်။ နှစ်စဉ်ဂုဏ်ထူးများနဲ့ အောင်ချက်ကောင်းလို့ ဧရာဝတီတိုင်းမှာ အောင်ချက်အများဆုံးနဲ့ ပထမရတယ်။ ကျောင်းအုပ်ဆရာမကြီးကို အစိုးရက ပညာရေး ဂုဏ်ထူးဆောင် BES ဘွဲ့ ပေးတယ်။

၁၉၆၅ ခုနှစ်ဝန်းကျင်က အလယ်တန်းပြဆရာရဲ့ လစာက ဌာနဆိုင်ရာက အထက်တန်း စာရေးလစာ(၁၈၅) ကျပ်နဲ့ တူတယ်။ အထက်တန်းပြဆရာရဲ့ လစာက ဌာနဆိုင်ရာက SAE၊ ဒု-ဦးစီး ၊ လ/ထ မြို့ပိုင်လစာ (၂၉၇) ကျပ်နဲ့ တူတယ်။ မြို့နယ်မှာ ပြန်တမ်းဝင်အရာရှိ လစာ (၃၅၀) ကျပ်ကို အထက်တန်းကျောင်းအုပ်ဆရာမကြီး၊ မြို့နယ် ဆရာဝန်ကြီး၊ မြို့နယ် တရားသူကြီးတို့လောက်ပဲ ရကြတယ်။ မြို့ပိုင်ကြီးဆိုတဲ့ ပုဂ္ဂိုလ်က လစာ (၂၉၇)ကျပ်နဲ့ အုပ်ချုပ်ခ (၅၀)ကျပ်ပဲ ရတယ်။ အထက ကျောင်းအုပ်ဆရာမကြီးက BES ဘွဲ့အတွက် (၅၀)ကျပ် ပိုရတယ်လို့ မှတ်သားခဲ့တယ်။

## စီးပွားရေးတက္ကသိုလ် ၊ မေခဆောင်

ကိုးတန်းကျောင်းသားဘဝမှာ စီးပွားရေး တက္ကသိုလ်တက်နေတဲ့ အစ်ကိုထံကို လစဉ်ကျောင်းစရိတ်ငွေ (၁၀၀)ကျပ် သွားပို့ရတယ်။ တက္ကသိုလ်ကျောင်းသားဘဝကို လေ့လာ သိရှိခဲ့ရတယ်။ ထမင်း တစ်နပ် (၇)ပြား၊ ကျောင်းလခ (၁၅)ကျပ်၊ ကျောင်းကားခ (၆)ကျပ်၊ ပေါင်းတစ်လ (၆၃)ကျပ်ပဲ ကုန်ကျတယ်။ အဆောင်မှာ ထမင်းကျွေးတာ အသားဟင်း၊ အရံဟင်း၊ အရည်သောက်၊ ထမင်းစားပြီး ငှက်ပျောသီး (၁)လုံး၊ သကြားလုံး (၁) လုံး ကျွေးတယ်။ နေ့လယ်ကျောင်းမှာ ကော်ဖီနဲ့မုန့်ကျွေးတယ်။ ငွေလာပို့တုန်း ဧည့်သည်အဖြစ် ထမင်းတစ်ခါ ဝင်စားဖူးတယ်။ ထမင်းဝိုင်းက လေးယောက်တစ်ဝိုင်း၊ အစ်ကို့

သူငယ်ချင်းတွေကိုတင်လတ်(မော်လမြိုင်)၊ ကိုကြည်လွင် (ဝါးခယ်မ)၊ ကိုစိန်ဝင်း(ဟင်္သာတ)တို့ကို သိခဲ့ရတယ်။ [ကျွန်တော် တက္ကသိုလ် ကျောင်းသား ဖြစ်ချင်စိတ်တွေ တဖွားဖွားပေါ်လာတော့တယ်။ စိတ်ကူးတွေ ၊ အိပ်မက်တွေ မက်ပြီ။]

(စီးပွားရေးတက္ကသိုလ်မှာ စီးပွားရေးသချာ်၊ စီးပွားရေးပထဝီဝင်၊ စီမံကိန်းဖွံ့ဖြိုးမှု ဘောဂဗေဒ၊ လယ်ယာဘောဂဗေဒ၊ အသုံးချစာရင်းအင်းပညာ၊ အသုံးချ စာရင်းကိုင်၊ စာရင်းစစ်ပညာ၊ စက်မှုကုန်သွယ်ပညာ၊ ဘဏ်လုပ်ငန်းပညာ၊ အုပ်ချုပ်မှုပညာများ သင်ပေးကြောင်း၊ အစိုးရ အလုပ်လုပ်ချင်လုပ်၊ ကိုယ်ပိုင်လုပ်ငန်းလုပ်ချင်လုပ်၊ ပြည်ပသွားလုပ်ချင် လုပ်နိုင်သည့်ပညာတွေ သင်ပေးကြောင်း သိခဲ့ရတယ်။)

## ECO တက်ချင်တယ်

ဒေးဒရဲ ကုန်သွယ်ရေးရုံးမှာ သကြား၊ နို့ဆီ၊ ဆပ်ပြာ သွားလျှောက်တယ်၊ မန်နေဂျာက 'ရောင်းပါ' လက်မှတ်ထိုးပေးတယ်။ မန်နေဂျာဆိုတာ Power ရှိပါလား၊ အဲဒီမန်နေဂျာက ဘီကွမ်း အောင်တယ်ဆိုပဲ၊ (၁၀) တန်းအောင်ရင် အီကိုတက်မယ် မန်နေဂျာလုပ်မယ်၊ (၁၀) တန်းဖြေတော့ ဖြေနိုင်ပါတယ်၊ အောင်စာရင်းထွက်တော့ အရမ်းဝမ်းသာလို့ အမေ့ကိုပြေးပြီး အားရဝမ်းသာ အော်ပြောလိုက်တယ် "အမေ ကျွန်တော် (၁၀)တန်းအောင်ပြီ" . . . အမေက သား(၁၀)တန်း အောင်တော့ အမေ့ရွာမှာ ကျောင်းဆရာ လုပ်စေချင်တယ်၊ ဂုဏ်ရှိတယ်၊ ဆရာလေး၊ ဆရာလေးနဲ့ ထမင်းလခမကုန်၊ ရွာက တစ်လှည့်စီ ကျွေးတယ်၊ မြို့သွားလည်း မော်တော်ခ မပေးရဘူး၊ ရွာသူကြီး၊ သူဌေးသမီး၊ ကွမ်းတောင်ကိုင်နဲ့ရဦးမှာ အမေ့ ရည်မှန်းချက်。. . . စီးပွားရေးတက္ကသိုလ် တက်ချင်တဲ့ ကျွန်တော် ငိုပြီ။

(၁၀)တန်းအောင်မှတ်စာရင်းကို ရွာက မူလတန်းကျောင်းအုပ်ဆရာ ဦးလေးထံ ရေးပေးလိုက်တယ်၊ အမှတ်ကောင်းတော့ ဦးလေးက ကျောင်းဆက်တက်ရန် ပထမနှစ်တစ်လ (၁၀ိ/)သူ ထောက်ပံ့မယ်၊ နောက်နှစ်တွေ တစ်လ (၅ိ/)ထောက်မယ် ဆိုလာတယ်၊ အဖေလည်း သားကို တက္ကသိုလ်တက်နိုင်ဖို့ ရန်ကုန်ကို သွာလေ့လာတယ်၊ အဖေ့မိတ်ဆွေ ကုန်သည်တစ်ယောက်ကပြောတယ်၊ ဘွဲ့ရ နေ့စား (၃)ကျပ် (၁၅)ပြားရမှာဖြစ်လို့ တက္ကသိုလ် မထားသင့်ကြောင်း၊ အလုပ်လုပ်ခိုင်းရန် ပြောတယ်၊ အဖေက ပြောတယ်၊ သူ့သားတွေ အရာရှိဖြစ်ရမယ်၊ (၁၀) တန်းအောင်ဆို သူ့ရုံးမှာ အထက်တန်း စာရေး (၁၈၅)ကျပ်နဲ့ ရတယ် မခိုင်းဘူး၊ အလုပ်ရှိရင် မိန်းမယူသွားလိမ့်မယ်၊ တက္ကသိုလ်တက်ရင် (၄)နှစ်တော့ မိန်းမယူမှာ မဟုတ်ဘူး၊ ဘွဲ့ရဆို သူပုန်လုပ်ရင်တောင် ဗိုလ်ဖြစ်တယ်လို့ သူ့ခံယူချက်ကို ပြင်းပြင်းထန်ထန် ပြောခဲ့တယ်။

## စီးပွားရေးတက္ကသိုလ်တက်ရတော့မယ်

အဖေ့ရဲ့ ညီမတစ်ဝမ်းကွဲ မြို့မကျောင်းသားဟောင်းအသင်းတိုက်ကဝင်းထဲကအိမ်မှာ နေပြီး ကျောင်းတက်ရန် အဒေါ်က ခေါ်ထားတယ်။ သူ့မှာ သားသမီး(၉) ယောက်ရှိသော်လည်း သူ့အစ်ကိုက သူ့သားတက္ကသိုလ် တက်စေချင်လွန်းတဲ့ ဆန္ဒကိုဖြည့်ဆည်းတဲ့အနေနဲ့ လက်ခံတာဖြစ်တယ်၊ ကျောင်းအားချိန် အဒေါ်ရဲ့ လက်ဖက်ရည်ဆိုင်မှာ စားပွဲထိုးဝင်လုပ်တယ်။ ဒါနဲ့ စီးပွားရေး တက္ကသိုလ်တက်ရန် ဝင်ခွင့်ကို တက္ကသိုလ်အုပ်ချုပ်ရေးရုံး ပြည်လမ်း စိုက်ပျိုးရေးမှတ်တိုင် လိပ်ခုံးမှာ အစ်ကိုနဲ့ သွားတင်တယ်။

၁၉၆၈ ခုနှစ်မှာ တက္ကသိုလ်ပညာသင် ထောက်ပံ့ကြေးက တစ်လ (၇၅)ကျပ် ပေးတယ်။ မိမိတို့ မိသားစုမှာ တက္ကသိုလ် ကျောင်းသား (၂)ဦးရှိပြီး အဖေက ဝန်ထမ်းဖြစ်တဲ့အတွက် ပညာသင် ထောက်ပံ့ကြေးရရန် မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီး ထွန်းရွှေနှင့်မြို့နယ်ပညာအုပ် ဦးတင်ဝင်း(ကျုံပျော်)တို့က ထောက်ခံပေးမည်ဖြစ်ကြောင်း အဖေ့ကိုပြောတယ်။ အဲဒီတော့ စီးပွားရေးတက္ကသိုလ် တက်ချင်တဲ့ ကျွန်တော့်အတွက် ဝမ်းသာအားရ ဖြစ်ရပါတယ်။

မန်နေဂျာကြီး စိတ်ကူးယဉ်လေတော့သတည်း။




# မြန်မာနိုင်ငံအတွက် အာရှဖွံ့ဖြိုးရေးဘဏ်၏ ဆောင်ရွက်ချက်များ

| ဒေါက်တာပင်လုံအေး |

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) အား ၁၉၆၆ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်နေ့တွင် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် တည်ထောင်ခဲ့သည်။ ဌာနချုပ်သည် အော်တီဂတ်ဇဟိုဌာနမန်ဒလူရောင်၊ မြို့တော်မနီလာ၊ ဖိလစ်ပိုင်နိုင်ငံတွင် တည်ရှိကာ နိုင်ငံတကာတွင် ရုံးခွဲပေါင်း (၃၃) ရုံး ဖွင့်လှစ်၍ အာရှဒေသတွင်းလူမှုရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်လျက်ရှိသည်။ စတင် တည်ထောင်ချိန်တွင် အဖွဲ့ဝင် (၃၁) နိုင်ငံဖြင့် ထူထောင်ကာ ယခုအခါတွင် အာရှနှင့် ပစိဖိတ်ဒေသအတွင်း (၄၈) နိုင်ငံနှင့်ပြင်ပနိုင်ငံ (၁၉) နိုင်ငံ၊ စုစုပေါင်း အဖွဲ့ဝင် (၆၇) နိုင်ငံဖြင့် ဖွဲ့စည်းထားသည်။ ဂျော်ဂျီယာနိုင်ငံသည် (၆၇)နိုင်ငံမြောက် နောက်ဆုံးအဖွဲ့ဝင်နိုင်ငံဖြစ်သည်။ အာရှ နှင့် ပစိဖိတ်ဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများအတွက် အခြေခံအဆောက်အဦပိုင်းဆိုင်ရာ၊ ကျန်းမာရေး ဝန်ဆောင် မှုများ၊ ဘဏ္ဍာငွေနှင့် ပြည်သူ့အုပ်ချုပ်မှုစနစ်များနှင့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ထိခိုက်မှုများအား အကူအညီပေးခြင်းနှင့် သဘာဝရင်းမြစ်များအား အကျိုးရှိစွာ ထုတ်နုတ်သုံးစွဲရေးဆိုင်ရာ စီမံခန့်ခွဲမှုများတို့တွင် ချေးငွေ၊ အထောက်အပံ့နှင့် သတင်းအချက်အလက်များ မျှဝေခြင်းပုံစံဖြင့် ရင်းနှီးမြှုပ်နှံမှုများ ဖော်ဆောင်လျက်ရှိသည်။ ကုလသမဂ္ဂ အာရှနှင့် ပစိဖိတ်ဒေသစီးပွားရေးနှင့် လူမှုရေး ကော်မရှင် (UNESCAP) နိုင်ငံများ၏ အဖွဲ့ဝင်ဘဏ် တစ်ခု ဖြစ်သည်။

## အုပ်ချုပ်မှုအဖွဲ့

ဘဏ်၏အမြင့်မားဆုံးသော မူဝါဒပြုအဖွဲ့အစည်းမှာ အုပ်ချုပ်မှုဘုတ်အဖွဲ့ဖြစ်သည်။ ယင်းဘုတ်အဖွဲ့အား အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ ကိုယ်စားလှယ်တစ်ဦးစီဖြင့် ဖွဲ့စည်းထားသည်။ အုပ်ချုပ်မှုနှင့် ဒုတိယအုပ်ချုပ်မှု ဘုတ်အဖွဲ့ဝင် (၁၂) ဦးအား အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ အလှည့်ကျစနစ်ဖြင့် ရွေးကောက်တင်မြှောက်ပါသည်။ အဖွဲ့ဝင် (၈) ဦးမှာ အာရှနှင့် ပစိဖိတ်ဒေသမှအဖွဲ့ဝင်များဖြစ်ပြီး ကျန် (၄) ဦးမှာ အဖွဲ့ဝင်မဟုတ်သော နိုင်ငံများမှ ဖြစ်ပါသည်။ ဘုတ်အဖွဲ့မှဘဏ်၏ ဥက္ကဋ္ဌအား ရွေးကောက်တင်မြှောက်ပြီး အဆိုပါဥက္ကဋ္ဌသည် အုပ်ချုပ်မှုဘုတ်အဖွဲ့နှင့် ဘဏ်အား စီမံခန့်ခွဲသည်။ ဥက္ကဋ္ဌ၏ သက်တမ်းမှာ (၅) နှစ်ဖြစ်ပြီး နောက်သက်တမ်းအတွက် ထပ်မံရွေးချယ်ခံခွင့်ရှိသည်။ ရှယ်ယာဝင်များအနေဖြင့် ၂၀၁၄ ခုနှစ်တွင် ဂျပန်နိုင်ငံမှ (၁၅. ၇) ရာခိုင်နှုန်းဖြင့်ရှယ်ယာ ပါဝင်မှု အများဆုံးဖြစ်ကာ အမေရိကန်နိုင်ငံမှ (၁၅. ၆) ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၆. ၅) ရာခိုင်နှုန်း၊ အိန္ဒိယမှ (၆. ၄) ရာခိုင်နှုန်းနှင့် ဩစတြေးလျမှ (၅. ၈) ရာခိုင်နှုန်း ပိုင်ဆိုင်သည်။ ဂျပန်နိုင်ငံသည်ဘဏ်၏ အစုရှယ်ယာဝေစု အများဆုံး ပါဝင်သဖြင့် ထုံးတမ်းစဉ်လာအရဘဏ်၏ ဥက္ကဋ္ဌမှာ စတင်တည်ထောင်ချိန်မှ ယနေ့အထိ ဂျပန်လူမျိုးများသာ ဖြစ်သည်။

## ဆောင်ပုဒ်

အာရှဖွံ့ဖြိုးရေးဘဏ်၏ ဆောင်ပုဒ်မှာ အာရှနှင့် ပစိဖိတ်ဒေသအတွင်း စီးပွားရေးဖွံ့ဖြိုးရေး၊ သဘာဝ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတွင်း အဆင့်မြင့်တင်ရေးအား ဖော်ဆောင်လျက် ဆင်းရဲမွဲတေမှုအား လျှော့ချရေးအတွက် ဖြစ်သည်။

## ပူးပေါင်းဆောင်ရွက်မှုများ

အာရှဖွံ့ဖြိုးရေးဘဏ်သည် အဖွဲ့ဝင်နိုင်ငံ အသီးသီးမှ စီမံကိန်းဆိုင်ရာကဏ္ဍအသီးသီးနှင့် တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ စီမံကိန်းများ၊ အစီအစဉ်များ အောင်မြင်ရေးအတွက် လိုအပ်ချက်များအား ဆွေးနွေးတိုင်ပင်သည်။ နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (CPS) သည် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက် အဖွဲ့အစည်းနှင့် စီမံကိန်းတွင် ပါဝင်ဆောင်ရွက်သူများနှင့် အကြိမ်အရေအတွက် များစွာဆွေးနွေးတိုင်ပင်၍ စာရင်းအင်းအချက်အလက်များအား စုစည်းထားသော နိုင်ငံတော်အဆင့်ရှိ စီမံကိန်းဆိုင်ရာ အချက်အလက်ဖြစ်ပါသည်။ (CPS) တွင် စီမံကိန်းတစ်ခုစီအလိုက် ချေးငွေနှင့် နည်းပညာအထောက်အပံ့များ၊ စီးပွားရေး စီမံကိန်းဆိုင်ရာ အစီအစဉ်နှင့် ရည်ရွယ်ချက်များ ပါဝင်သည်။

## မြန်မာနိုင်ငံအတွက် ဆောင်ရွက်မှုများ

မြန်မာနိုင်ငံသည် ကာလရှည်ကြာ ကမ္ဘာ့နိုင်ငံများနှင့် အဆက်အသွယ်ဖြတ်တောက်ထားရာမှ ပြုပြင်ပြောင်းလဲမှုဖြစ်သော စစ်အုပ်ချုပ်ရေးမှ ဒီမိုကရေစီ အုပ်ချုပ်ရေး၊ ဗဟိုချုပ်ကိုင်စနစ်မှ ဈေးကွက်စီးပွားရေးစနစ်သို့ ကူးပြောင်းခြင်းနှင့် ကာလရှည်ကြာ ဆူပူသောင်းကျန်းမှုများအား ပြည်တွင်း ငြိမ်းချမ်းရေးရရှိအောင် ဆောင်ရွက်ရေး စသော သုံးပွင့်ဆိုင်အပြောင်းအလဲတစ်ခုကို ပြောင်းလဲခဲ့သည်။ မြန်မာနိုင်ငံသည် နိုင်ငံ၏စီးပွား ဖွံ့ဖြိုးတိုးတက်ရန်အတွက် အခွင့်အလမ်းကောင်းများ၊ ဆင်းရဲမှု လျှော့ချရေးနှင့် ငွေကြေး ရင်းနှီးမတည်ငွေရရှိနိုင်သည့် အရှေ့တောင်၊ အရှေ့နှင့် တောင်ပိုင်း အာရှဒေသများ၏ လမ်းဆုံတွင် တည်ရှိသော မဟာဗျူဟာမြောက်သည့် ပထဝီဝင်



အနေအထားကို ပိုင်ဆိုင်ထားသော်လည်း အခက်အခဲအတားအဆီးများအား ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ ၂၀၁၅ ခုနှစ်နိုဝင်ဘာလတွင် လွတ်လပ်၍တရားမျှတသောရွေးကောက်ပွဲကို ဆင်နွှဲနိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ ခေတ်သစ်တစ်ခုကို ဖွင့်လှစ်နိုင်ခဲ့သည်။

## အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ပြန်လည်ဆက်သွယ်ခြင်း

၁၉၇၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသည် အာရှဖွံ့ဖြိုးရေးဘဏ်၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့သော်လည်း ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီများကို ဘဏ်အနေဖြင့် တိုက်ရိုက် ပေးအပ်ခြင်း မရှိခဲ့ပေ။ ၂၀၁၂ ခုနှစ်အစောပိုင်းတွင် မြန်မာနိုင်ငံအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများနှင့် အခြားဖွံ့ဖြိုးမှု မိတ်ဘက်များနှင့် နိုင်ငံရေးစကားဝိုင်းများ၊ ပုံမှန်လည်ပတ်မှုလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်ရေးအတွက် လမ်းပြမြေပုံတစ်ခုကို ဖော်ထုတ်ကာ ကြားကာလ နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ တစ်ရပ် ရေးဆွဲခြင်း၊ နိုင်ငံသားတို့၏ စွမ်းဆောင်မှုမြှင့်တင်ရေးနှင့် မူဝါဒဆိုင်ရာ အကြံပေးခြင်း၊ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများတွင် နည်းပညာအကူအညီ အထောက်အပံ့ များ ပေးခြင်းဖြင့် ပြန်လည်အကောင်အထည်ဖော်ခဲ့သည်။

## လူမှုဘဝမြင့်မားရေးအတွက် နိုင်ငံဆိုင်ရာ မဟာဗျူဟာ

အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံသားတို့အတွက် (၂၀၁၂- ၂၀၁၄) ခုနှစ် ကြားကာလ နိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာတစ်ရပ်ကို လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးပတ်ဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ထွန်းရေးနှင့် မြန်မာနိုင်ငံ၏ အိမ်နီးချင်းများနှင့် နီးကပ်စွာ ပိုမိုပူးပေါင်းဆောင်ရွက်၍ လူမှုရေး ဝန်ဆောင်မှုများနှင့် စီးပွားရေးအခွင့်အလမ်းကောင်းများအား ပွင့်လမ်းရေးတို့အား ထိရောက်စွာ ဆောင်ရွက်နိုင်ရန် ရေးဆွဲခဲ့သည်။ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကအရေးပါသည့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်၊ ပညာရေးနှင့် သင်တန်းများ၊ မြို့ပြနှင့် ကျေးလက် ဖွံ့ဖြိုးတိုးတက်မှုတို့တွင် စီမံကိန်းများ ချမှတ်ခဲ့သည်။ ထိုအစီအစဉ်တွင် ဒေသဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအဖြစ် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့အား ဖွံ့ဖြိုးတိုးတက်စေမည့် စီးပွားရေးစင်္ကြံတစ်ရပ်ကိုလည်း အကောင်အထည် ဖော်ဆောင်ခဲ့သည်။

## အနာဂတ်ရင်းနှီးမြှုပ်နှံမှုအတွက် ချေးငွေနှင့် အကူအညီ စီမံကိန်းများ

၂၀၁၃- ၂၀၁၆ ခုနှစ်အတွင်း အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအတွက် ချေးငွေမှာ အမေရိကန်ဒေါ်လာ (၂) ဘီလီယံခန့် (တစ်နှစ်ပျမ်းမျှ ဒေါ်လာသန်း ၅၀၀) နှင့် ရင်းနှီးမြှုပ်နှံမှု အထောက်အပံ့ ဒေါ်လာ (၄၁) သန်း အား ထုတ်ချေးရန်ရည်မှန်းထားသည်။ ၂၀၁၄- ၂၀၁၅ ခုနှစ်အတွက် ပုဂ္ဂလိကကဏ္ဍဆိုင်ရာ စီမံကိန်းများဖြစ်သော လျှပ်စစ်ဖြန့်ဖြူးရေးနှင့် စွမ်းအင်ကဏ္ဍ အခြေခံ အဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းများ ချိတ်ဆက် ဖောက်လုပ်မှုနှင့် သယ်ယူရေးဆိုင်ရာ အခြေခံအဆောက်အဦ၊ ဆက်သွယ်ရေး ဆိုင်ရာ အခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးတက်ရေးနှင့် လူနေမှုဘဝ မြင့်မားရေး၊ ပိုမိုကောင်းမွန်သည့် စိုက်ပျိုးရေးထုတ်ကုန်တန်ဖိုး ကွင်းဆက်ဖန်တီးရေး၊ ရေသန့်နှင့် မိလ္လာစနစ်ကောင်းမွန်စေရေး၊ မြို့ပြဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ HIV/AIDS ကာကွယ်မှုတိုးမြှင့်ရေး၊ ခရီးသွားကဏ္ဍ တိုးမြှင့်ရေးနှင့် လူငယ်ထုအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုတိုးတက်စေမည့် ပညာရေးတစ်ရပ်ပေါ် ထွန်းရေးအတွက် အမေရိကန်ဒေါ်လာ (၄၉၂)သန်း ထုတ်ချေးရန် ဘုတ်အဖွဲ့မှ ခွင့်ပြုချက်ရရှိပြီးဖြစ်သည်။

## ပြည်သူများအရည်အသွေးဖွံ့ဖြိုးတိုးတက်ရန် ရင်းနှီးမြှုပ်နှံခြင်း

အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် မြန်မာနိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာအထောက်အပံ့များ ပေးလျက်ရှိရာ ၂၀၁၂- ၂၀၁၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ (၃၆)သန်း




တန်ဖိုးရှိ နည်းပညာအကူအညီ (၁၇)ခုဖြစ်သော ပညာရေး၊ ငွေကြေးကဏ္ဍ၊ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲရေး၊ ပြင်ပကြွေးမြီစီမံခန့်ခွဲရေး၊ ပုဂ္ဂလိကကဏ္ဍ၊ ကုန်စည်ကူးသန်းရောင်းဝယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမူဝါဒ၊ စွမ်းအင်၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ စာရင်းအင်း ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ ခရီးသွားလုပ်ငန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူမှုဘဝကာကွယ်ရေး၊ ပဋိပက္ခဖြေရှင်းရေး၊ ဖွံ့ဖြိုးတိုးတက်မှုများတွင် အရပ်ဘက် အဖွဲ့အစည်းများ ပိုမိုပူးပေါင်း ဆောင်ရွက်ရေး၊ မြို့ပြဖွံ့ဖြိုး တိုးတက်ရေးနှင့် စည်ပင်သာယာရေးဆိုင်ရာ အခြေခံအဆောက်အဦဖွံ့ဖြိုးတိုးတက်ရေးတွင် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်သည်။ ထို့အပြင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် အဖွဲ့ဝင်နိုင်ငံများဖြင့် တွဲဘက်ဆောင်ရွက်သည့် ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် နယ်စပ်ဖြတ်ကျော်ကိစ္စရပ်များ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဒေသအတွင်း နည်းပညာအကူအညီ (၃၅)ခုအား အခြားနိုင်ငံများနှင့်အတူ ပူးတွဲရရှိသည်။

## သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်မှု

အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ၂၀၁၅ ခုနှစ်တွင် ပြည်သူ (၁. ၅)သန်းခန့်၏ အသက်အိုးအိမ်၊ အဆောက်အဦများနှင့် လယ်ယာမြေပျက်စီးဆုံးရှုံးစေခဲ့သည့် မြန်မာနိုင်ငံတစ်ဝန်း ရေကြီးမှုနှင့်မြေပြိုမှုတွင် မြန်မာနိုင်ငံအား အာရှနှင့်ပစိဖိတ် သဘာဝဘေးအန္တရာယ် တုံ့ပြန်မှုရန်ပုံငွေမှ အကူအညီအမေရိကန်ဒေါ်လာ (၃) သန်းအား ချက်ချင်းကူညီထောက်ပံ့ခြင်း၊ ပျက်စီးသွားသော လမ်းတံတားများ ပြန်လည်ပြင်ဆင်ခြင်းနှင့် အသစ်တည်ဆောက်ခြင်းတို့အတွက် အရေးပေါ် ချေးငွေ၊ ထိခိုက်မှုများသော ချင်းပြည်နယ်တွင် အကြီးစားပြန်လည်တည်ဆောက်ခြင်းနှင့် ရေကြီးမှုဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ဘေးအန္တရာယ်စီမံခန့်ခွဲမှု အစီအစဉ်များတွင် အကူအညီအထောက်အပံ့ ပေးခဲ့သည်။

## မျှော်မှန်းကဏ္ဍများ၏ ရလဒ်များ

သယ်ယူပို့ဆောင်ရေးကဏ္ဍတွင်အရှေ့-အနောက် စီးပွားရေးစင်္ကြံတစ်လျှောက်ရှိ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီမြစ်ဝကျွန်းပေါ် ဒေသများအကြား အဝေးပြေးလမ်းမကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆင့်မြှင့်တင်ခြင်းဖြင့် ကုန်စည်ကူးသန်းခြင်းနှင့် ဆက်သွယ်ရေးများ ပိုမိုကောင်းမွန်လာမည်ဖြစ်ပြီး မြန်မာပြည်၏ ဆန်အိုးကြီးဟု တင်စားသည့် မြစ်ဝကျွန်းပေါ် ဒေသအား ဂျီအမ်အက်စ်ဒေသတွင်း ဆန်ဈေးကွက်နှင့် ချိတ်ဆက်လာနိုင်စေမည်ဖြစ်ပါသည်။ အဆိုပါဒေသများအား သယ်ယူပို့ဆောင်ရေး အဆင့်မြှင့်တင်ခြင်းသည် ဈေးကွက်တွင်းသို့ လွယ်ကူစွာ ဝင်ရောက်နိုင်စေမည်ဖြစ်ပြီး ဝန်ဆောင်မှုများ ပိုမိုကောင်းမွန်လာကာ စီးပွားရေးအသိုက်အဝန်းသို့ သိသာစွာ ထိုးဖောက် ဝင်ရောက်နိုင်မည်ဖြစ်သည်။

စွမ်းအင်၏ လျှပ်စစ်ကဏ္ဍခွဲတွင် မဟာဓာတ်အားလိုင်းများမှ ဓာတ်အားပို့လွှတ်ရာတွင် ပို့လွှတ်နှုန်းများ တည်ငြိမ်စေခြင်းနှင့် သင့်တော်သော လုပ်ထုံးလုပ်နည်းဆိုင်ရာ မူဘောင်တစ်ခုတည်ထောင်ခြင်းအားဖြင့် ဓာတ်အားသွယ်တန်းခြင်းနှင့် ဖြန့်ဖြူးခြင်းစနစ်များ ပိုမိုကောင်းမွန်စေပြီး ဓာတ်အား ဆုံးရှုံးမှုများ လျော့နည်းစေမည်ဖြစ်ကာ ကဏ္ဍခွဲများနှင့်အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်းများ၌ အဓိကရင်းနှီးမြှုပ်နှံမှုများ ဖွင့်လှစ်နိုင်မည်ဖြစ်ပြီး နိုင်ငံအတွင်း လတ်တလောကြုံတွေ့နေလျက်ရှိသည့် ပါဝါပြတ်လပ်မှု အခက်အခဲများကိုလည်း ကျော်

လွှားနိုင်မည်ဖြစ်သည်။

အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် နိုင်ငံသားများ၏ အရည်အသွေးမြှင့်တင်ရေးနှင့် သက်မွေးပညာ လေ့ကျင့်ပေးခြင်းဖြင့် စွန့်ဦးတီထွင်မှုများတွင် အားပေးကူညီလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍ၏ ကျွမ်းကျင်လုပ်သား ပြတ်လပ်ခြင်းအား အထောက်အကူပြုနိုင်မည်ဖြစ်ကာ ကုန်ထုတ်စွမ်းအား တိုးမြှင့်စေမည့် အရည်အသွေးပြည့်ဝသော လူငယ်လုပ်သားထုအား မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။

ထို့အပြင် မန္တလေးမြို့တော် စည်ပင်သာယာစေရေးအတွက် ပုဂ္ဂလိကကဏ္ဍများမှ ပူးပေါင်းပါဝင်စေခြင်းဖြင့် ကောင်းမွန်သန့်ရှင်းသော သောက်သုံးရေ၊ ရေဆိုးစွန့်ပစ်စနစ်နှင့် ရေသန့်နှင့် မိလ္လာဆိုင်ရာ ဝန်ဆောင်မှုစနစ်များ ကောင်းမွန်စေရေးအတွက် စံပြုမြို့ပြပုံစံတစ်ခုတည်ဆောက်နိုင်ရေးအတွက် ကူညီလျက်ရှိသည်။

## ပူးပေါင်းဆောင်ရွက်မှုများ

နိုင်ငံအတွင်းရှိအဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဘုံရည်မှန်းချက်ဆီသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။ အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် အရပ်ဘက်အဖွဲ့အစည်း၊ ဒေသခံများ၊ ပုဂ္ဂလိကနှင့် အခြားဖွံ့ဖြိုးမှုမိတ်ဘက်များနှင့် နီးကပ်စွာအလေးထား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်လျက်ရှိသည်။ ထိရှလွယ်သော အခက်အခဲများ၊ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ချက်များဖြင့် အနာဂတ်မဟာဗျူဟာများအား ကောင်းမွန်စွာဖြေရှင်း နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ နည်းပညာအကူအညီများအတွက် အာရှဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဩစတြေးလျ၊ ပြင်သစ်နှင့် နော်ဝေအစိုးရတို့နှင့် ပူးပေါင်းကာ ငွေကြေးပူးတွဲကျခံခြင်းများ ပြုလုပ်သကဲ့သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ တောင်ကိုရီးယားနိုင်ငံနှင့် ရေပေးဝေရေးဆိုင်ရာ ငွေကြေးပူးပေါင်းဆောင်ရွက်မှုအထောက်အပံ့မှ ယုံကြည်မှု ထောက်ပံ့အကူအညီအား ထောက်ပံ့ပေးလျက်ရှိသည်။ ပြင်သစ်အစိုးရမှ မန္တလေးမြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုစီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း (၆၀) ခန့် ဘဏ္ဍာငွေ ထည့်ဝင်ကျခံမည်ဖြစ်သည်။

အာဆီယံ အခြေခံအဆောက်အဦ ရန်ပုံငွေမှ ဂျီအမ်အက်စ်ဒေသ၏ အရှေ့-အနောက် စီးပွားရေး စင်္ကြံတစ်လျှောက်ရှိ အိန္ဒိယ-ကော့ကရိတ် လမ်းပိုင်း အဆင့်မြှင့်တင်ရေး စီမံကိန်းအတွက် အမေရိကန်ဒေါ်လာသန်း(၂၀) အား ထောက်ပံ့လျက်ရှိပြီး ဗြိတိန်နိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဦးစီးဌာနမှ အစိုးရ-ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးမူဘောင် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အမေရိကန်ဒေါ်လာ (၂) သန်းအား နည်းပညာအကူအညီဖြင့် ပေးအပ်လျက်ရှိသည်။

## အနာဂတ်မြန်မာနိုင်ငံအတွက် ရှေ့ဆက်ဆောင်ရွက်ရန်များ

အာရှဖွံ့ဖြိုးရေးဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ အလုံးစုံ ပူးပေါင်း ဆောင်ရွက်မှုမဟာဗျူဟာ (၂၀၁၇-၂၀၂၁)အား ပွင့်လင်းသည့်၊ ညှိနှိုင်းတိုင်ပင်မှုများဖြင့် ရေးဆွဲကာ မြန်မာနိုင်ငံ၏ အမျိုးသား ဘက်စုံဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် အုပ်ချုပ်မှုဆိုင်ရာ ဦးစားပေး လုပ်ငန်းများဖြင့် လိုက်လျောညီထွေရှိရန် ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိပြီး စွမ်းအင်၊ ပညာရေး၊ သယ်ယူပို့ဆောင်ရေးနှင့် အရည်အသွေးဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အဆိုပြုထားသော ဦးစားပေးလုပ်ငန်းများအား အလေးထား လုပ်ဆောင်မည်ဖြစ်သည်။ ထို့အပြင် အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း အဆင့်မြှင့်တင်ရေးနှင့် ပုဂ္ဂလိကကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေး အကောင်အထည်ဖော်သွားမည် ဖြစ်သည်။

Source: The Myanmar ADB Partnership February (2016)
Country Partnership Strategy (2014-2016)
Aide Memoire of Wrap Up Meeting (May 2016)



# ကုန်သွယ်မှုလိုငွေပြခြင်း၏ အကောင်း၊ အဆိုး

|စောနိုင်(အသုံးချဘောဂဗေဒ)|

နိုင်ငံတစ်နိုင်ငံသည် ပြည်ပကုန်သွယ်ရေး အခြေအနေတွင် ကုန်သွယ်မှုလိုငွေဖြစ်ပေါ်ခဲ့ပါက သက်ရောက်လာနိုင်သည့် အလားအလာများနှင့် ပတ်သက်၍ ပညာရှင်များ၊ သုတေသီများ သုံးသပ်ပြောဆိုရာတွင် အကောင်း-အဆိုး ရှုထာင့်အမျိုးမျိုးဖြင့် ကောက်ချက်ချမှုများ ရှိနေလိမ့်မည်။ ဝေဖန်သုံးသပ်ချက်များအပေါ်တွင် အခြေအတင် ပြောဆိုဆွေးနွေးမှုများလည်း ရှိလာသည်။ အချို့က ကုန်သွယ်မှုလိုငွေပြခြင်းကြောင့် ဖြစ်လာနိုင်ခြေရှိသည့် ကောင်းကျိုးသက်ရောက်မှုများကို ညွှန်း၍ 'ကောင်း' ဆိုသည့် မှတ်ချက်ကို ပေးကြသကဲ့သို့ ဆိုးကျိုးသက်ရောက်မှုများကိုမှန်းဆရသည့်ပညာရှင်များ၊ သုတေသီများကလည်း ဆိုးသည်ဟုသာ ကောက်ချက်ချကြသည်။

**အဆိုးမြင်သူများ**

ကုန်သွယ်မှုတွင် လိုငွေဖြစ်လာသည်မှာ နိုင်ငံအတွက် ကောင်းကျိုးမရှိနိုင်၊ ဆိုးကျိုးသက်ရောက်မှုများရှိသည် ဟူသော ယူဆချက်ကို လက်ခံထားသည့် စီးပွားရေးပညာရှင်များကမူ ကုန်သွယ်မှုလိုငွေကြောင့် နိုင်ငံ၏ ငွေပေးငွေယူရှင်းတမ်းတွင် သာမန်စာရင်းပါလိုငွေပြလာနိုင်ပြီး နိုင်ငံရပ်ခြား ချေးငွေများ တိုးလာနိုင်ခြင်းနှင့် လက်ရှိ အသုံးပြုရမည့် ကုန်စည်နှင့်ဝန်ဆောင်မှုများအတွက် ချေးငှားမှုများပြုလုပ်ရခြင်းကြောင့် အနာဂတ်ကုန်ထုတ်လုပ်မှုများကိုပါ ထိခိုက်မှုများရှိလာခြင်းအချက်များကို ထောက်ပြထားသည်။ အလုပ်သမား သမဂ္ဂကဲ့သို့ အဖွဲ့အစည်းများကလည်း ကုန်သွယ်ရေးလိုငွေဖြစ်ပေါ်မှုကို ဆန့်ကျင်သည့် သဘောထားကိုပြကြသည်။ ၎င်းတို့က ကုန်သွယ်မှုလိုငွေသည် သွင်းကုန်ပမာဏက ပို့ကုန်ပမာဏထက် များပြားသောကြောင့် ဖြစ်သည်။ သွင်းကုန်ပမာဏသည် ပို့ကုန်ပမာဏထက်ကျော်လွန်လာသောအခါ ပြည်တွင်းရှိထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်မှုများရှိလာပြီး ပြည်တွင်း အလုပ်သမားများအတွက် အလုပ်အကိုင်အခွင့်အလမ်း ဆုံးရှုံးမှုများလည်း ဖြစ်လာစေနိုင်သည်ဟု ဝေဖန်ထောက်ပြကြသည်။ ထိုကောက်ချက်ချသုံးသပ်ချက်သည် အကျိုးအကြောင်း ဆီလျော်သည်ဟု ထင်ရသယောင် ရှိသော်လည်း ကိန်းဂဏန်းအချက်အလက်များဖြင့် လက်တွေ့ကျကျ လေ့လာမှုများတွင် ကုန်သွယ်မှုလိုငွေနှင့် အလုပ်လက်မဲ့အခြေအနေတို့၏ ဆက်စပ်မှုရှိကြောင်း ခိုင်ခိုင်မာမာ ပြောနိုင်လောက်သည့်

ကိုးကားနိုင်သည့် သက်သေသာဓကမရှိခဲ့ပေ။ ၁၉၉၀ ပြည့်နှစ်များ၏ နောက်ပိုင်းများသည် ကုန်သွယ်မှုလိုငွေ မြင့်မားစွာ ဖြစ်ပေါ်ခဲ့သည့်တိုင် အလုပ်လက်မဲ့ပမာဏမှာ အနိမ့်ဆုံးအဆင့်ထိ ဖြစ်ပေါ်ခဲ့သည့်နိုင်ငံများ ရှိခဲ့သည် တွေ့ခဲ့ရ၏။ အချို့သော စီးပွားရေးပညာရှင်များကလည်း ဗဟိုဘဏ်၏ ပျော့ပြောင်းသော ငွေကြေးပေါ်လစီကြောင့် ကုန်သွယ်မှုလိုငွေဖြစ်လာရသည်ဟု ဝေဖန်ကြသည်။ ထိုပေါ်လစီကြောင့် စီးပွားရေး အဆောက်အအုံအတွင်း လျင်မြန်စွာ ကြီးထွားလာသော ငွေကြေးပမာဏသည် ဝယ်လိုအားကို မြင့်မားလာစေသဖြင့် နိုင်ငံရပ်ခြားမှ သွင်းကုန်များ ပိုမိုတင်သွင်းခြင်းကို အားပေးသည့်သဘော ဖြစ်စေသည်။ ထိုအခြေအနေသည် တစ်ကျော့ပြန်က ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုကို ထပ်မံတွန်းအားပေးသကဲ့သို့ ဖြစ်လာနိုင်သည်ဟု လေ့လာမှုများကို ကိုးကား၍ သုံးသပ်မှုများ ပြုလုပ်ကြသည်များလည်း ရှိသည်။

## အကောင်းမြင်သူများ

ကုန်သွယ်မှုလိုငွေသည် စီးပွားရေးအဆောက်အအုံအတွင်း ကုန်ထုတ်လုပ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် အထောက်အကူပြုစေနိုင်သည်ဟူသော အချက်ကို လက်ခံသူများကမူ ကုန်သွယ်မှုလိုငွေပြခြင်းနှင့် အတူ အပေါင်းလက္ခဏာဆန်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ရှိသည်ဟု ဆိုသည်။အထူးသဖြင့် နိုင်ငံသားများ ဝင်ငွေ မြင့်မားလာခြင်း၊ စားသုံးသူတို့ ယုံကြည်စိတ်ချမှု အားကောင်းလာခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုပမာဏ မြင့်မားလာခြင်းများဖြစ်သည်။ ၎င်းတို့က ကုန်သွယ်မှုလိုငွေပြ အခြေအနေသည် နိုင်ငံတစ်နိုင်ငံအတွင်းသို့ အရင်းအနှီးများ ပိုမိုစီးဝင်လာစေပြီး ကုန်ထုတ်လုပ်မှုစွမ်းရည်မြင့်တင်မှုလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာနိုင်သည်။ အလုပ်လက်မဲ့ဖြစ်စေသည့် ထိခိုက်မှုထက် အလုပ်အကိုင်အခွင့်အလမ်းများပင် တိုးတက်လာနိုင်သည့် ရလဒ်ကောင်းများပင် ရရှိစေနိုင်သည်ဟု ဆိုထားသည်။ အချို့ပညာရှင်များကလည်း စားသုံးသူများ၏ကြိုက်နှစ်သက်မှုရှုထောင့်မှ ရှုမြင်သုံးသပ်ကြသည်။ သွင်းကုန်ပမာဏ များပြားလာခြင်းသည် ပြည်တွင်းစားသုံးသူတို့ စားသုံးမှုမြင့်မားလာမှုကိုပြသလျက်ရှိပြီးလက်ရှိ၎င်းတို့၏ စီးပွားရေးအခြေအနေ တိုးတက်မှုကို ပြသနေသည်ဟု ဆိုသည်။ ထိုသို့ပြည်တွင်းစားသုံးသူများ ရွေးချယ်စားသုံးနိုင်မှု နယ်ပယ်ကျယ်ပြန့်လာခြင်းသည် အောင်မြင်သော စီးပွားရေး စီးပွားရေးအဆောက်အဦတစ်ခု၏ အစိတ်အပိုင်းတစ်ရပ်ဟုလည်း ဖြစ်သည်။

## ဘက်ညီရှုထောင့်

ရှုထောင့်အမျိုးမျိုးမှ သုံးသပ်နေကြသော်လည်း အကောင်းဆုံးသုံးသပ်ချက်မှာ အကောင်းနှင့် အဆိုးအခြေအနေနှစ်မျိုးပေါ်တွင် ချိန်ဆရှုမြင်ခြင်းဖြစ်သည်။ ကုန်သွယ်မှုလိုငွေသည် ရေရှည်အကျိုးဖြစ်ထွန်းနိုင်သည့် ရင်းနှီးမြှုပ်နှံမှုများထက် လတ်တလောစားသုံးမှုများကို အလေးပေးနေခြင်းကြောင့် ဖြစ်လာခဲ့လျှင် ရေရှည်ကာလတွင်ပြည်တွင်းရှိအလုပ်အကိုင်အခွင့်အလမ်းများကို တိုက်စားဖျက်ဆီးလာလိမ့်မည်။ ထိုအခြေအနေမျိုး သက်ရောက်လာခဲ့ပါက ကုန်သွယ်မှုလိုငွေဖြစ်ပေါ်မှုသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးနှင့် ကုန်ထုတ်လုပ်မှုများအတွက် ဆိုးကျိုးများဖြစ်စေသည်ဟုသာ ရှုမြင်ကြရမည်။ အကယ်၍ ကုန်သွယ်မှုလိုငွေသည် ရေရှည်အကျိုးဖြစ်ထွန်းမှုရှိမည့် ရင်းနှီးမြှုပ်နှံမှုများကို ဦးတည်နေခဲ့လျှင် ပြည်တွင်းအလုပ်အကိုင် ကျပ်တည်းမှုနှင့် စီးပွားရေးအခြေအနေကျဆင်းမှုတို့သည် ခေတ္တခဏသာဖြစ်ပေါ်မည့် အခြေအနေသာဖြစ်သဖြင့် ရေရှည်တွင် ပြည်တွင်းရှိ အလုပ်အကိုင် အခွင့်အလမ်းများကိုလည်း ထိခိုက်လိမ့်မည် မဟုတ်ပါ။ ထိုအခြေအနေမျိုးကို အကြောင်းခံ၍ ဖြစ်ပေါ်လာတတ်သည့် ကုန်သွယ်မှုလိုငွေမှာမူ နိုင်ငံ၏ စီးပွားရေးအခြေအနေကိုအထောက်အကူဖြစ်လာစေသဖြင့် ကောင်းသည်ဟု ကောက်ချက်ချကြရမည်။ ကုန်သွယ်မှုလိုငွေဖြစ်လာလျှင် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေး အခြေအနေ အရပ်ရပ်အပေါ် သက်ရောက်လာနိုင်သည့် ကောင်းကျိုးဆိုးကျိုးများ ကျယ်ပြန့်စွာ မှန်းဆနိုင်ရန်အတွက် နိုင်ငံတကာသုံး ငွေမာဖြစ်သည့် ဒေါ်လာငွေကြေး၏ လှုပ်ရှားပြောင်းလဲနေသည့် အခြေအနေကိုပါ ထည့်သွင်းစဉ်းစားရန် လိုသည်။

# ပြည်သူ့အတွက် မြန်မာ့စာရင်းအင်းအချက်အလက်များ ဝန်ဆောင်မှုစနစ် "MMSIS"

|r , k(C.S.O)|




နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို ပြသပေးသည့် စာရင်းအချက်အလက် ကိန်းဂဏန်းများ မှန်ကန်တိကျရေးသည် အရေးပါသကဲ့သို့ အဆိုပါစာရင်းအချက်အလက်များ မြန်မြန်ဆန်ဆန် ထုတ်ပြန်နိုင်ရေးသည်လည်း အလွန်အရေးပါသည်။ ပြည်သူဗဟိုပြုဝန်ဆောင်မှုစနစ် People-Centered Service Delivery တိုးတက်ဖြစ်ပေါ်လာစေရန်အတွက် ဖွံ့ဖြိုးတိုးတက်လာသည့်ခေတ်နှင့်အညီ စာရင်းအင်းအချက်အလက်များကို စာအုပ်များ၊ စာစောင်များအဖြစ် ပုံနှိပ်ထုတ်ဝေခြင်းများအပြင် အင်တာနက်မှတစ်ဆင့် Electronic Document များအဖြစ် ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ ပြည်တွင်း၊ ပြည်ပ နေရာဒေသမရွေး အချိန်ကန့်သတ်ချက်မရှိ အင်တာနက်ရရှိနိုင်သော မည်သည့်နေရာမှမဆို မိမိရယူလိုသော သတင်းအချက်အလက်များ ဝင်ရောက်ရယူနိုင်ရန်အတွက် သက်ဆိုင်ရာ Website များတွင် ထုတ်ပြန် ဖော်ပြလျက်ရှိပါသည်။

နိုင်ငံတော်၏ စာရင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာရင်းအင်းအချက်အလက်များ တိကျမြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ဗဟိုစာရင်းအင်းအဖွဲ့အနေဖြင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီဖြင့် ပူးပေါင်းဆောင်ရွက်မှုအရ စာရင်းအင်းအချက်အလက်များ စီမံခန့်ခွဲရာတွင် IT အခြေခံ၍ စွမ်းရည်မြှင့်တင်မှုစီမံချက် "The Project of Capacity Building through IT Based Statistical Data Management in Myanmar" ကို e-Government လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ(၂၀)ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာ့အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2)၌ ကျင်းပခဲ့သည့် 'ကမ္ဘာ့စာရင်းအင်းနေ့' အခမ်းအနားတွင် မြန်မာ့စာရင်းအင်း အချက်အလက်များ ဝန်ဆောင်မှုစနစ် MMSIS ဖြစ်သည့် http://www.mmsis.gov.mm website ကိုစတင်၍ လွှင့်တင်ခဲ့ပါသည်။

နိုင်ငံတော်၏ တိုးတက်ပြောင်းလဲမှု အခြေအနေကို ပြည်သူလူထုနှင့် တိုင်းပြည်၏ အုပ်ချုပ်မှုအလွှာအသီးသီးမှ ပညာရှင်များ၊ ဆုံးဖြတ်ချက်ချမှတ်သူများ၊ နယ်ပယ်အသီးသီးမှ ပညာရှင်များ၊ နှစ်တို၊ နှစ်လတ်နှင့် နှစ်ရှည် စီမံကိန်းရေးဆွဲသူများ၊ တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို လေ့လာစောင့်ကြည့်နေသော ပြည်တွင်း/ပြည်ပမှ သုတေသနပညာရှင်များအား အချိန်နှင့်တစ်ပြေးညီ တင်ပြနိုင်ရေးသည် စာရင်းအင်းကဏ္ဍ၏ အဓိကလုပ်ငန်းပင်ဖြစ်သည်။ စာရင်းအင်း ပညာရှင်များအတွက်လည်း အရေးပါသော စာရင်းအင်း အချက်အလက်များ မြန်မြန်ဆန်ဆန် ရရှိရေးနှင့် တွက်ချက်ထုတ်ပြန်နိုင်ရေးသည် အချိန်နှင့်အမျှ အရေးပါပါသည်။ သို့ဖြစ်ပါ၍ MMSIS Website အား ကိုရီးယားနိုင်ငံတွင် လက်ရှိအသုံးပြုနေသည့် KOSIS တွင် ဝန်ဆောင်မှုပေးသည့် အတိုင်း သတင်းအချက်အလက်များကိုတစ်နေရာတည်းမှ ရရှိနိုင်သည့် One Stop Service အနေဖြင့် ဝန်ဆောင်မှု

ပေးကာ နိုင်ငံတကာစာရင်းအင်း အဖွဲ့အစည်းများနှင့် တန်းတူ မြန်မာ့စာရင်းအင်းကဏ္ဍ၏ မျက်နှာစာသစ်ကို နည်းပညာသစ်များဖြင့် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် လက်ရှိအသုံးပြုနေသော စနစ်မှာ Decentralize Statistical System ဖြစ်သဖြင့် စာရင်းအင်းအချက်အလက်များ ရယူရာတွင် သက်ဆိုင်ရာ ဌာနများသို့ လူကိုယ်တိုင်သွားရောက်၍ တောင်းခံရသဖြင့် အချိန်ကုန်ခြင်းနှင့် လုပ်အားဆုံးရှုံးမှုများခြင်း၊ စာရင်းအင်းများ တောင်းခံရာတွင် အဆင်မပြေခြင်း စသော အခက်အခဲများ ကြုံတွေ့ခဲ့ရပါသည်။ ယခုအခါ http://www.mmsis.gov.mm ကို လွှင့်တင်နိုင်ခဲ့သဖြင့် အင်တာနက်ချိတ်ဆက်ရရှိသော မည်သည့်နေရာမည်သည့်အချိန်၌မဆို ဝင်ရောက်ကြည့်ရှု၍ သတင်းအချက်အလက်များ လွယ်ကူစွာ ရယူနိုင်ပြီဖြစ်ပါသည်။ ထို့အပြင် ၎င်း Website ကို https://www.mnped.gov.mm၊ https://www.csostat.gov.mm၊ https://www.mohinga.infoနှင့် http://www.commerce.gov.mm website တို့ဖြင့် Link ချိတ်ဆက်ထားပြီး မိမိသိလိုသောအကြောင်းအရာများကို ဆက်စပ်ကာ ရွေးချယ်ကြည့်ရှုနိုင်ပြီး ဗဟို စာရင်းအင်းအဖွဲ့၏ စာရင်းအင်းအချက်အလက်များ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် များစွာ အထောက်အကူပြုလျက်ရှိပါသည်။



MMSIS Website တွင် မြန်မာနိုင်ငံ၏ အညွှန်းကိန်းများကို စာရင်းအင်းကဏ္ဍအလိုက် ဖော်ပြထားပါသည်။ စာရင်းအင်းအချက်အလက်များ၊ သတင်းအချက်အလက်နှင့် အစီရင်ခံစာများ၊ စိတ်ကူး၊ အမြင် အစရှိသည်များကို အကြောင်းအရာအလိုက်၊ ဒေသအလိုက်၊ အက္ခရာစဉ်အလိုက် မိမိတို့ကြိုက်နှစ်သက်ရာ ရွေးချယ်ကြည့်ရှုနိုင်ရန် ဆောင်ရွက်ထားပါသည်။ စာရင်းအင်း အညွှန်းကိန်းများအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ စာရင်းအင်းများ၊ ထုတ်လုပ်မှုဆိုင်ရာ စာရင်းအင်းများ၊ ဈေးနှုန်းနှင့် ငွေကြေးဖောင်းပွမှုဆိုင်ရာ စာရင်းအင်းများ၊ အမျိုးသားဝင်ငွေဆိုင်ရာ စာရင်းအင်းများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စာရင်းအင်းများ၊ အလုပ်သမားနှင့် အလုပ်အကိုင်ရရှိရေး ဆိုင်ရာ စာရင်းအင်းများ၊ လူမှုရေးဆိုင်ရာ စာရင်းအင်းများ၊ ဝန်ဆောင်မှုဆိုင်ရာ စာရင်းအင်းများ၊ ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်းများ၊ မြေမျက်နှာသွင်ပြင်ဆိုင်ရာ စာရင်းအင်းများ၊ လူဦးရေဆိုင်ရာ စာရင်းအင်းများ၊ စစ်တမ်းစာရင်းအင်းများကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာဖြင့် ကြည့်ရှုနိုင်ရန် တင်ပြထားပါသည်။

ဗဟိုစာရင်းအင်းအဖွဲ့မှ ထုတ်ပြန်ထားသည့် နှစ်ပတ်လည် စာရင်းစာစောင်များဖြစ်သည့် ၂၀၁၀ ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် "Myanmar Statistical Year Book 2010" နှင့် ၂၀၁၁ ခုနှစ် နှစ်ပတ်လည် စာရင်းစာစောင် "Myanmar Statistical Year Book 2011" တို့ကို ဝင်ရောက်ဖတ်ရှုနိုင်ရန် ထုတ်ပြန်ဖော်ပြထားပါသည်။ ၂၀၁၅ ခုနှစ် နှစ်ပတ်လည်စာရင်းစာစောင် "Myanmar Statistical Year Book 2015" အား နိုင်ငံတကာအဆင့်မီ ခေတ်မီ ဒီဇိုင်းအသစ်ဖြင့် စာအုပ်သာမက "Myanmar Data on CD-Rom 2015" အဖြစ် ထုတ်ဝေခဲ့ပြီး ဗဟိုစာရင်းအင်းအဖွဲ့(ရုံးချုပ်)နေပြည်တော်၊ ရန်ကုန်တိုင်း ဗဟိုစာရင်းအင်းအဖွဲ့ရုံးနှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့တွင် ဝယ်ယူရရှိနိုင်ကြောင်း http://www.mmsis.gov.mm နှင့် https://www.csostat.gov.mm တွင် ကြော်ငြာထားပါသည်။ ယခုနှစ်အတွက် နှစ်ပတ်လည်စာရင်းစာစောင် "Myanmar Statistical Year Book 2016" အား ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။


MMSIS Website တွင် လစဉ်စီးပွားရေး အညွှန်းကိန်းစာစောင်များအနေဖြင့် Selected Monthly Economic Indicator (SMEI) ကို စတင်ထုတ်ဝေရောင်းချခဲ့သော ၂၀၁၃ ခုနှစ်မတ်လမှစ၍ ၂၀၁၅ ခုနှစ် စက်တင်ဘာလအထိ ဝင်ရောက်ကြည့်ရှု၍ Download file များ ရယူနိုင်ရန် ဝန်ဆောင်မှု ပေးလျက်ရှိပါသည်။ ယခုအခါ

Selected Monthly Economic Indicator (SMEI) အား လစဉ် ထုတ်ဝေမှုအပြင် (၃)လစာဖော်ပြ၍ Quartly ထုတ်ဝေနိုင်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ အချိန် ကိန်းစဉ် အချက်အလက်များ (Time Series Database) အနေဖြင့် စာရင်းအင်းကဏ္ဍအလိုက် မိမိတို့ လိုအပ်သော အညွှန်းကိန်းများကို နှစ်အလိုက်၊ အမျိုးအစားအလိုက်၊ စံနှုန်းအလိုက် ရွေးချယ်ကြည့်ရှုနိုင်ရန် ဝန်ဆောင်မှု ပေး ထားပါသည်။



ထို့အပြင် ဝန်ကြီးဌာန ကိုယ်စားပြု၍ ၂၀၁၃ ခုနှစ် ဇန်နဝါရီလမှ စတင်၍ (၃)လ တစ်ကြိမ် ထုတ်ဝေဖြန့်ချိသည့် စီမံ/ဖွံ့ဖြိုးဂျာနယ်ကိုလည်း စတင်ထုတ်ဝေသည့် ၂၀၁၃ ခုနှစ်(ဇန်နဝါရီလ၊ ဖေဖော်ဝါရီလ၊ မတ်လ) အတွက်စာအုပ်မှ ၂၀၁၅ ခုနှစ် (ဧပြီလ၊ မေလ၊ ဇွန်လ) အတွက် စာအုပ်များအထိ လေ့လာကြည့်ရှုနိုင်ရန်နှင့် Download များ ရယူနိုင်ရန် တင်ပြထားပါသည်။ ဂျာနယ်တွင် စီမံကိန်းနှင့် ဖွံ့ဖြိုးမှုဆိုင်ရာဆောင်းပါးများ၊ လုပ်ငန်းခွင်ဗဟုသုတဆောင်းပါးများ၊ အခြား သုတရသဆောင်းပါးများဖြင့် ထည့်သွင်း ဖော်ပြထားပါသည်။

သတင်းအချက်အလက်နှင့် အစီရင်ခံစာများ အနေဖြင့် ပြည်သူများသိရှိနားလည်နိုင်ရန်နှင့် စာရင်းအင်းကဏ္ဍ တာဝန်ယူဆောင်ရွက်နေကြသူများ၊ ပြည်တွင်း/ပြည်ပ စာရင်းအင်း ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စာတမ်းပြုစုသူများ၊ စီမံကိန်းရေးဆွဲသူများအတွက် အထောက်အကူပြု စာတမ်းများဖြစ်သည့် သန်းခေါင်စာရင်း ကောက်ယူမှုဆိုင်ရာ အစီရင်ခံစာများ၊ ငွေကြေးဖောင်းပွမှုဆိုင်ရာ အစီရင်ခံစာများ၊ မြန်မာနိုင်ငံ၏ စားသုံးသူ ဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှု အခြေအနေအား လအလိုက်တွက်ချက်တင်ပြထားသော အစီရင်ခံစာများ၊ မြန်မာနိုင်ငံ၏ ပြည်ပ ကုန်သွယ်ဖက်နိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ အစီရင်ခံစာများ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ စာအုပ်များ၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု မူဘောင်၊ ပြည်တွင်းနှင့် ပြည်ပနိုင်ငံများ၏ စာရင်းအင်းဆိုင်ရာစာအုပ်များ၊ သုံးသပ်တွက်ချက်မှုများနှင့် အိမ်ထောင်စုဝင်ငွေနှင့် နေထိုင်မှုဆိုင်ရာ စစ်တမ်း အစီရင်ခံစာများ အစရှိသဖြင့် စာရင်းအင်းဆိုင်ရာ စာအုပ်စာတမ်းများအား လေ့လာနိုင်ရန် တင်ပြထားပါသည်။



သို့ဖြစ်ပါ၍ ဗဟိုစာရင်းအင်းအဖွဲ့ အနေဖြင့် စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရည်အသွေးပြည့်ဝသည့် စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်နိုင်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မြန်မာ့စာရင်းအင်း အချက်အလက်များ ဝန်ဆောင်မှုစနစ် http://www.mmsis.gov.mm ကို အောင်မြင်စွာ လွှင့်တင်နိုင်ခဲ့ခြင်းသည် နိုင်ငံတကာ စာရင်းအင်းစနစ်သို့ ဦးတည်လျှောက်လှမ်းနေသည့် မြန်မာ့စာရင်းအင်းကဏ္ဍ၏ အောင်မြင်မှုမှတ်တိုင်တစ်ရပ်ပင် ဖြစ်ပါသည်။ ထို့အပြင် ဗဟိုစာရင်းအင်းအဖွဲ့ (Central Statistical Organization - CSO) အနေဖြင့် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်၏ 'ပြည်သူဗဟိုပြု ဝန်ဆောင်မှုစနစ် ' People-Centered Service Delivery'အား စာရင်းအင်းကဏ္ဍဖြင့် အထောက်အကူပြုလျက် ပြည်သူအကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အား ပံ့ပိုးကူညီလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။




# ပညာရပ်ဆိုင်ရာ သုတေသနလုပ်ရာဝယ်

| စန်းယုအောင် |

ကျွန်တော်တို့မြန်မာနိုင်ငံမှာ မဟာဘွဲ့အတွက် အရင်က သုတေသနစာတမ်းတင်ရန် မလိုပါ။ မေးမည့် သုံးလေးပုဒ်ကို အာဂုံဆောင်နိုင်ရင် မဟာဘွဲ့ရဖြစ်ပြီ။ ဟိုးအရင်တုန်းကတော့ ရေးခဲ့ရပါသည်။ ယခုနောက်ပိုင်း သုတေသနစာတမ်း ပြန်ရေးနေရပြန်ပါသည်။ အာဂုံဆောင်ရုံမဟုတ်တော့ဘဲ စာတမ်း ရေးလာရတော့ ဘာပဲဖြစ်ဖြစ် ကောင်းပါသည်။ (ပိုက်ဆံပေးသူများ ရေးခိုင်းတာ လွဲရင်ပေါ့)။

ယခုတင်ပြလိုသည်မှာ ထိုသို့သုတေသန စာတမ်းများ လုပ်ရာတွင် လွယ်ကူချောမောပြီး အချိန်ကုန်သက်သာစွာဖြင့် ထိရောက်စွာ လုပ်နိုင်ရန် ကူညီပေးမည့် REFWORK အကြောင်း မိတ်ဆက်ပေးလိုပါသည်။ အလားတူ websites များရှိပါသည်။ ကျွန်တော်တို့ သုံးနေကျကိုသာ တင်ပြခြင်းဖြစ်ပါသည်။ နိုင်ငံခြားပြန် ပညာသင်များ သိပြီးသားဖြစ်နိုင်ပါသည်။ အချို့လည်း သိပြီးဖြစ်ပါမည်။ သို့ရာတွင်မြန်မာပြည်မှလက်ရှိစာတမ်းပြုသူများအားမေးကြည့်ရာ မသိကြ၍ တင်ပြခြင်းဖြစ်ပါသည်။ Refworks သည် referencescitations bibliography စသည်များကို လွယ်ကူလျင်မြန် ထိရောက်စွာ လုပ်ပေးနိုင်ပါသည်။

ပထမဆုံးအနေဖြင့် account တစ်ခု ပြုလုပ်ရပါမည်။ ပြီးနောက် References များပြုလုပ်နိုင်ရန် folder တစ်ခု တည်ဆောက်ရပါမည်။ (click on the New Folder button) ပြီးနောက် နာမည်ပေးရပါမည်။ ထို့နောက် မိမိတည်ဆောက်ထားသော folder ထဲသို့ browser window တစ်ခု ထပ်ဖွင့်ပြီး JSTOR, EBESCO စသည့် journals များမှ ပေပါများကို သိမ်းဆည်းရပါမည်။ ထို့နောက်တွင် Export ဆိုတာကို click လုပ်ရပါမည်။ထိုအခါ references များလုပ်နိုင်သော sites များ ပေါ်လာပြီး Refworks ကိုရွေးချယ်ပြီး Continue ကို click လုပ်ပါ။

အဲဒီနောက် View Last Imported Folder ကို မြင်ရပြီး ထိုစာတမ်းကို click လုပ်ပါ။ နောက်တစ်ဆင့်အနေဖြင့် All in Lastbutton တွင် References> Lastimported ကို click လုပ်ရပါမည်။ ထို့နောက်တွင် မိမိ references လုပ်လိုသော folder ကိုရွေးပါ။ ထိုရွေးထားသော ဖိုင်များ ကို verify လုပ်လိုလျှင် Organize & Share Folders ကို click လုပ်ပါ။

ယခုအခါ Journal များမှ references လုပ်လိုသော Folder များကို Refworks တွင် အောင်မြင်စွာ သိမ်းနိုင်ပါပြီ။ ထိုသို့ သိမ်းထားခြင်းအားဖြင့် မိမိအလိုရှိရာကို အလွယ်တကူ ပြန်ကြည့်နိုင်ပါသည်။

Bibliography ပြုလုပ်ရန် Create Bibliography Button ကို click လုပ်ပါ။

ထို့နောက် မိမိသုံးလိုသော output style ကို ရွေးချယ်ရပါမည်။ output style ဆိုသည်မှာ မိမိရေးသားမည့် စာတမ်းရဲ့ပုံစံ တစ်နည်းအားဖြင့် Format ဟုဆိုရပါမည်။ ထိုအခါ Harvardstyle, MIT style, Oxford style စသဖြင့် များစွာရှိပါသည်။ မိမိနှစ်သက်ရာ Format ရွေးချယ်ပြီးနောက် Formata Bibliography froma List of References ကိုclick လုပ်ပါ။ထို့နောက် Filetype ကိုရွေးပါ။ ပြီးနောက် CreateBibliography ကို click လုပ်ပါ။

စာတမ်းကို Citationsand Bibliography တို့ဖြင့် Format လုပ်ရန်အတွက် မိမိရဲ့ cursor ကို references လုပ်လိုတဲ့ Folder မှာထားပါ။ ထို့နောက် ညာဘက်မှာရှိတဲ့ Cite button ကို click လုပ်ပါ။ ထိုအခါ သေးငယ်သော box ကလေးတစ်ခုပေါ်လာပြီး copy လုပ်ပါ။ ထို့နောက် မိမိအသုံးပြုလိုသော wordfile တွင် paste လုပ်ပါ။ မိမိရဲ့ wordfile ကိုကြည့်လျှင် စာသားများကို { }အတွင်းတွင် တွေ့ရပါမည်။ ထို { }အတွင်းရှိ စာသား text ကို လုံးဝ မပြောင်းလဲရပါ။

ထို့နောက် Refworks တွင် Bibliography ကို click လုပ်ပါက အားလုံးလုပ်ဆောင်ပြီး တွေ့ရပါမည်။ Output style ကို လိုအပ်သလို ပြောင်းနိုင်ပါသည်။ ကျွန်တော်၏ တင်ပြမှု ပြည့်စုံမည်မထင်ပါ။ လိုအပ်ချက်များရှိပါမည်။

Http://www.refworks.com တွင် အသေးစိတ်လေ့လာနိုင်ပါသည်။

မြန်မာပြည်မှ အင်တာနက်များလည်း ပိုမြန်ပိုကောင်းလာသောကြောင့် တစ်စုံတစ်ရာတော့ အသုံးဝင်မည်ဟု မျှော်လင့်ရင်းရေးဖြစ်ပါသည်။



# သိကောင်းစရာ

## စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs)

|anmifwkdf|

ကုလသမဂ္ဂအထွေထွေညီလာခံသည် ဖွံ့ဖြိုးပြီး နိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်လာရေး၊ အမျိုးသမီးများ၏ လုပ်ပိုင်ခွင့် အပြည့်အဝရရှိရေး၊ လူတစ်ဦးကျ ဝင်ငွေ တိုးမြှင့်လာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု ကျဆင်းလာရေး၊ လူတိုင်းစေ့ ကျန်းမာသာယာဝပြောရေး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံစိတ်ချမှုများအတွက် ၂၀၁၅ ခုနှစ် ထောင်စုနှစ် ရည်မှန်းချက်များ (Millennium Development Goals-MDGs) ပန်းတိုင်ဆီသို့ အရောက်သွားရာတွင် ဖွံ့ဖြိုးဆဲ နိုင်ငံများ (Developing Countries) နှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများ (Least Developed Countries-LDCs) တွင် ယခု အချိန်အထိ မပြီးဆုံးသေးသည့် အစီအစဉ်များ (People, Planet, Prosperity, Peace, Partnership) ကျန်ရှိနေဆဲ ဖြစ်ပါသည်။

ထို့ကြောင့် MDGs မှတစ်ဆင့် ပိုမို၍ လွတ်လပ်သော လူ့အဖွဲ့အစည်းအဖြစ် ကမ္ဘာ့အနှံ့ ငြိမ်းချမ်းရေး အားကောင်းစေခြင်း၊ ငတ်မွတ်ခေါင်းပါးမှု တိုက်ဖျက်ခြင်းနှင့် ဆင်းရဲနွမ်းပါးမှုများ အဆုံးသတ်နိုင်ရေးစသည့် အစိတ်ပိုင်းများစွာ ပါဝင်သော MDGs ကို အနာဂတ် ကမ္ဘာကြီး ဖွံ့ဖြိုးတိုးတက်ရန်အတွက် "The Future We Want" ဆောင်ပုဒ်ဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) ဟူ၍ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ စတင်သက်ဝင်ခဲ့ပြီး ပန်းတိုင် (၁၇) ခု၊ ရည်မှန်းချက် (၁၆၉) ခုနှင့် ညွှန်ကိန်း (၂၀၀) ကျော်ဖြင့် ၂၀၃၀ ပြည့်နှစ် ပြည့်မီနိုင်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

SDGs သည် ပို၍ပြီးပြည့်စုံပြီး တိကျသည့်အသေးစိတ် အချက်အလက်များဖြင့် ဖွဲ့စည်းထားသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးမှုနိမ့်ကျသည့် နိုင်ငံများတွင် စိန်ခေါ်မှုအပြောက်အများ ရှိနိုင်မည်ဖြစ်ပါသည်။ နိုင်ငံတိုင်းသည် SDGs အား ပြီးပြည့်စုံသော ညွှန်ကိန်း အချက်အလက်များရရှိရန်၊ ၂၀၃၀ ပြည့်နှစ် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးမှုအစီအစဉ်နှင့် စပ်လျဉ်းသည့် အသိပညာ မြှင့်တင်ရေး ဆောင်ရွက်ရန်အတွက် နိုင်ငံအဆင့်နှင့် ကဏ္ဍအလိုက် စီမံကိန်းများ ချမှတ်ရေးဆွဲရာတွင် SDGs အပေါ် အကျိုးသက်ရောက်မှုရှိစေသည့် စီမံကိန်းများကို ထည့်သွင်းရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ နိုင်ငံအများစုတွင် SDGs ညွှန်ကိန်းများ စုစည်းရရှိနိုင်ရန် အမျိုးသား အဆင့်မူဝါဒများ၊ စီမံကိန်းမူဘောင်များနှင့် နိုင်ငံတော်ဘတ်ဂျက်များတွင် ထည့်သွင်း၍ စတင်ကြိုးပမ်းဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း SDGs ညွှန်ကိန်းများနှင့်ပတ်သက်ပြီး ပထမအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို Data Assessment အတွက် မည်သည့် ညွှန်ကိန်းများ လိုအပ်ပြီး မည်သို့ ကောက်ယူစုစည်းကြမည်ဆိုသည်ကို အဓိကဆွေးနွေးကြသည့်အပြင် အသိပညာပေးမှု မြှင့်တင်သည့် ဆွေးနွေး ပွဲတစ်ခုဖြစ်ပြီး စာရင်းအင်းဆိုင်ရာ တိုးတက်မှုများအတွက် အရင်းမြစ်များနှင့် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်းများသည် အကန့်အသတ်ရှိခြင်းကြောင့် အားလုံးသော ပန်းတိုင်များနှင့် ရည်မှန်းချက်များအတွက် မိမိတို့နိုင်ငံ၏ ဦးစားပေး နယ်ပယ်ကဏ္ဍများကို ချမှတ်ကာ စောင့်ကြည့်လေ့လာ အကဲဖြတ်ဆောင်ရွက်ရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ မတ်လ (၂၅) ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ် (၃၂)၊ နေပြည်တော်အစည်းအဝေးခန်းမ၌ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ ပူးပေါင်းကျင်းပခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် UNDP မှ တာဝန်ရှိသူများတက်ရောက်ခဲ့ပါသည်။

ဒုတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကို ဆင်းရဲမှု ပပျောက်စေရန်၊ သာတူညီမျှမှုရှိစေရန်၊ သာယာငြိမ်းချမ်း၍ ရာသီဥတုဒဏ်ကို တုံ့ပြန်နိုင်မည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို အနာဂတ်တွင် တည်ဆောက်၍ ကမ္ဘာတစ်ဝန်း သာယာဝပြောမှုရှိစေရေး ကတိကဝတ်များကို စတင် အကောင်အထည်ဖော်ကြရာ မြန်မာနိုင်ငံသူ နိုင်ငံသားများ အပါအဝင် ကမ္ဘာ့သူကမ္ဘာ့သားအားလုံးမှလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် မည်ကဲ့သို့ ဆောင်ရွက်ကြရမည်၊ မည်သည်တို့ကို ထည့်သွင်းစဉ်းစားသင့်သည်ဟူသည့် ခိုင်မာသော ခံယူချက် (Strong National Ownership) မှ စတင်၍ ဦးဆောင်မှု အခန်းကဏ္ဍဖြင့် စတင်စဉ်းစား ဆောင်ရွက်ကြရန်အတွက် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်၊ ဧပြီလ (၂၉) ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁)၊ နေပြည်တော် အစည်းအဝေးခန်းမ၌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ စီးပွားရေးနှင့် လူမှုရေးကော်မရှင် (UNESCAP) တို့ပူးပေါင်း၍ မြန်မာနိုင်ငံအနေဖြင့် SDGs ၂၀၃၀ ပြည့်နှစ် ဖွံ့ဖြိုးမှု အစီအစဉ်အား ပို၍ပြီးပြည့်စုံပြီး တိကျသည့် အသေးစိတ် အချက်အလက်များဖြင့် သတ်မှတ်ရန်၊ စိန်ခေါ်မှုများအား ပိုမိုစူးစိုက်လုပ်ဆောင်ရန်နှင့် ပုဂ္ဂလိကအခန်းကဏ္ဍမှလည်း ပူးပေါင်းဆောင်ရွက်လာရန် ရည်ရွယ်ကျင်းပခဲ့ရာ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ UNESCAP မှ တာဝန်ရှိသူများနှင့် ဖွံ့ဖြိုးမှုမိတ်

ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ပါသည်။

တတိယအကြိမ် အလုပ်ရုံဆွေးနွေးပွဲကိုစဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်(၁၇)ခုကိုအောင်မြင်ရရှိရေးအတွက် အရည်အသွေးရှိသည့် စာရင်းအင်းများကို လိုအပ်ပြီး ၎င်းစာရင်းအင်းများရှိမှသာ ရည်မှန်းထားသည့် မဟာဗျူဟာများ၊ စီမံကိန်းများနှင့်မူဝါဒများ ချမှတ်ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့စာရင်းအင်းအချက်အလက်များ မှန်ကန်မှ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုကိုလည်း ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များကို စောင့်ကြည့်လေ့လာခြင်းနှင့် တိုင်းတာခြင်း၏ စိန်ခေါ်မှု အသစ်တစ်ခုမှာ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ညှိနှိုင်းချိတ်ဆက်လုပ်ဆောင်မှုသည် မည်မျှအရေးကြီးသည်ကို သတိပေးဖော်ပြနေခြင်းဖြစ်ကြောင်း၊ အမျိုးသားစာရင်းအင်းစနစ် ရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မည်ဆိုလျှင် ကမ္ဘာလုံးဆိုင်ရာ ကိန်းဂဏန်းအချက်အလက် လိုအပ်မှုကို ပံ့ပိုးပေးနိုင်မည် ဖြစ်ပါကြောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်သည် ယခင်လုပ်ဆောင်ခဲ့ဖူးသော ဖွံ့ဖြိုးမှုအစီအစဉ်မှ ကွဲပြားခြားနားသည့် အစီအစဉ်အသစ်ဖြစ်ပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်၏ ထူးခြားချက်မှာ အားလုံးပါဝင်ပြီး မတူညီ သည့်ကဏ္ဍများ ပါဝင်နေခြင်းဖြစ်ကြောင်း၊ ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများသည် ပုံသဏ္ဍာန်အမျိုးမျိုးရှိပြီး ရှုပ်ထွေးသဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် စပ်လျဉ်းသည့် အချက်အလက်ဆိုင်ရာ ပြဿနာများသည် ရှုပ်ထွေးပြီး ကဏ္ဍပေါင်းစုံ ပါဝင်နေကြောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ၏ ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်များကို လူတိုင်းရရှိခံစားနိုင်စေရန် သဘောတူ လက်ခံခဲ့ကြပြီးဖြစ်ကြောင်း၊ ဖွံ့ဖြိုးတိုးတက်မှု၏ နောက်တွင် မည်သူမျှ ကျန်မနေစေရန် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ် သို့ ချို့တဲ့နွမ်းပါးနိမ့်ကျသော လူများကိုပါ ခေါ်ဆောင်လာနိုင်ရန် စသည့် ရည်ရွယ်ချက်များဖြင့် ၂၀၁၆ ခုနှစ်၊ မေလ (၂၃) ရက်နေ့တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ရုံးအမှတ်(၃၂)၊ နေပြည်တော် အစည်းအဝေးခန်းမ၌ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) တို့ပူးပေါင်း၍ ကျင်းပခဲ့ပြီး သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စာရင်းအင်းဆိုင်ရာ ဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics — NSDS)၏ လုပ်ငန်းအဖွဲ့ (၆) ဖွဲ့မှ ခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ပညာရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ တက်ရောက်ခဲ့ပါသည်။

မြန်မာနိုင်ငံအနေဖြင့် SDGs ပန်းတိုင်များ ၂၀၃၀ ပြည့်နှစ်အထိ အောင်မြင်မှုရရှိရန် အမျိုးသားအဆင့် ကိန်းဂဏန်းအချက်အလက် တိုးတက်မှုအတွက် ညွှန်ကိန်းများအပေါ် အကဲဖြတ်လုပ်ဆောင်ချက်များမှ တွေ့ရှိချက်များကို အုပ်စုခွဲကာ ရှင်းလင်းဖော်ပြမည်ဆိုလျှင် . .

အဆင့် (၁) အလွယ်တကူရရှိနိုင်သည့် ညွှန်ကိန်းများ၊

အဆင့် (၂) အနည်းငယ်အားထုတ်ကြိုးပမ်းပြီးနောက်မှ ရရှိနိုင်သည့် ညွှန်ကိန်းများ၊

အဆင့် (၃) ပို၍ အားထုတ်ကြိုးပမ်းပြီးနောက်မှ ရရှိနိုင်သည့် ညွှန်ကိန်းများ၊

အဆင့် (၄) လက်ရှိတွင် မရရှိနိုင်သေးသည့် ညွှန်ကိန်းများ

(မေးခွန်းသစ်များ/စစ်တမ်းများလိုအပ်ခြင်း)၊

အဆင့် (၅) မြန်မာနိုင်ငံနှင့် သက်ဆိုင်မှုမရှိသည့် ညွှန်ကိန်းများ၊

အဆင့် (၆) အဓိပ္ပာယ် တိတိကျကျ မသတ်မှတ်ရသေးသော ညွှန်ကိန်းများနှင့်

အဆင့် (၉၉)နိုင်ငံတကာ အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ညွှန်ကိန်းများစသည်ဖြင့် အဆင့်များ သတ်မှတ်ကာ NSDS၏ လုပ်ငန်းအဖွဲ့(၆)မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပညာရှင်များဖြင့် အထက်ပါ အလုပ်ရုံဆွေးနွေးပွဲများတွင် ဆွေးနွေးခဲ့ကြပါသည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များသို့ အောင်မြင်စွာရောက်ရှိအောင် ဆောင်ရွက်သွားရမည်ဖြစ်သည့်အတွက် ရှေ့ဆက်ပြီး အားလုံးပါဝင်နိုင်သည့် ညှိနှိုင်းဆောင်ရွက်မှုယန္တရား (Coordination Mechanism) ဖြင့် အောက်ပါ SDGs ပန်းတိုင်များကို လုပ်ဆောင်သွားရန်ဖြစ်ပါသည်။

**ပန်းတိုင် ၁**

နေရာအနှံ့ ဆင်းရဲမှုပုံစံအားလုံး အဆုံးသတ်

ရေးတွင် ရည်မှန်းချက် (၇) ခုပါဝင်ကာ အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပပျောက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူမှုရေး အကာအကွယ်စနစ်တစ်ရပ် အကောင်အထည်ဖော်ဆောင်ရေး၊ စီးပွားရေးအရင်းအမြစ်များနှင့် အခြေခံ ဝန်ဆောင်မှုများ တန်းတူရရှိရေးနှင့် စီးပွားရေး၊ လူမှုရေး ပတ်ဝန်းကျင် ရိုက်ခတ်မှုပေါ် ထွက်လာခြင်းအား လျှော့ချရေး စသည်တို့ကိုဦးတည်ထားပါပြီး အလွန်အမင်း ဆင်းရဲနွမ်းပါးမှု (extreme poverty)၊ အကြွင်းမဲ့ ဆင်းရဲနွမ်းပါးမှု (absolute poverty)၊ လူသားဆင်းရဲနွမ်းပါးမှု (human poverty)၊ ဝင်ငွေဆင်းရဲနွမ်းပါးမှု (income poverty) စသည့် ဆင်းရဲနွမ်းပါးမှုပုံစံအမျိုးမျိုးတို့ကို ဆိုလိုပါသည်။

**ပန်းတိုင် ၂**

ငတ်မွတ် ခေါင်းပါးမှု အဆုံးသတ်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝမှုတိုးတက်ရေးနှင့် စဉ်ဆက်မပြတ် စိုက်ပျိုးမှု ဖြစ်ပေါ် တိုးတက်စေရေးတွင် ရည်မှန်းချက် (၈)ခု ချမှတ်ထားကာ ငတ်မွတ်ခေါင်းပါးမှုပပျောက်ရေးနှင့် အာဟာရချို့တဲ့ခြင်းအား အဆုံးသတ်ရေး၊ လူတိုင်းအတွက် လုံလောက်စွာ ထုတ်လုပ်နိုင်စေရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် လုံလောက်စွာ ရင်းနှီး မြှုပ်နှံရေး၊ စိုက်ပျိုးရေး ကုန်ထုတ်စွမ်းအား မြှင့်တင်ရေးနှင့် ဝင်ငွေ တိုးတက်စေရေး၊ ရေရှည်တည်တံ့သည့် စားနပ်ရိက္ခာစနစ် ထူထောင်ရေး၊ မျိုးကွဲဗီဇများ ထိန်းသိမ်းရေး၊ စိုက်ပျိုးရေး ရင်းနှီး မြှုပ်နှံမှု တိုးတက်စေရေးနှင့် အစားအစာ ဈေးကွက် လည်ပတ်မှု ကောင်းမွန်စေရေး စသည်တို့ကို ဦးတည်ထားပါသည်။ ထို့ပြင် စားစရာရှိရုံ၊ ဖူလုံရုံမျှမက အာဟာရပြည့်ဝရန်လိုအပ်ခြင်း၊ ကျန်းမာရေး ရှုထောင့်အရ ကျန်းမာရေးအသိ သတိနိုးကြားမှု (health awareness) ရှိရန် လိုအပ်ခြင်း၊ စဉ်ဆက်မပြတ် စိုက်ပျိုးရေးဖြစ်ပေါ် စေရန် အတွက်လည်း နည်းပညာပိုင်းဆိုင်ရာ တိုးတက်မှု လိုအပ်ခြင်း စသည်တို့ကို ဦးစားပေးဆောင်ရွက်ရန်ဖြစ်သည်။

**ပန်းတိုင် ၃**

လူတိုင်းစေ့ကျန်းမာရေးနှင့် သာယာဝပြောရေးတွင် ရည်မှန်းချက် (၁၃)ခု ချမှတ်၍ သားဖွားမိခင်နှင့် ကလေးသေဆုံးမှုလျှော့ချရေး၊ အရွယ်မတိုင်မီသေဆုံးခြင်း



နှင့် လူများအား သေဆုံးစေနိုင်လောက်သည့်အထိ အန္တရာယ်များသည့် ကူးစက်ရောဂါပပျောက်ရေး၊ ယာဉ်တိုက်မှုကြောင့်ဖြစ်ပေါ်သည့်သေဆုံးသူနှင့် ဒဏ်ရာရသူ အရေအတွက် ထက်ဝက်လျှော့ချရေး၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုရရှိစေရေး၊ အားလုံး လွှမ်းခြုံမှုရှိသည့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကျန်းမာရေး အသုံးစရိတ်မြှင့်တင်ရေးတို့အပြင် သုတေသနနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းများ အားကို ပေးမြှင့်တင်ရေးတို့ကို ဦးတည်ထားပါသည်။ ထို့အပြင် အားလုံးကျန်းမာစေရေး၊ ကျား/မ မရွေး၊ အသက်အရွယ် မခွဲခြားဘဲ အားလုံးပါဝင်ရေးတွင် တစ်ဦးတစ်ယောက်မှ ကျန်ရှိမနေစေရေးကိုလည်း ဦးတည်ထားပါသည်။

**ပန်းတိုင် (၄)**

အရည်အသွေးပြည့်ဝသည့် ပညာရေးတွင် ရည်မှန်းချက်(၁၀) ခု ချမှတ်ထားပြီး အရည်အသွေးပြည့်ဝသည့် ပညာရေးအတွက် အရည်အသွေးပြည့်ဝသော ဆရာ/ဆရာမများ၊ ပညာရေးဝန်ဆောင်မှုများ ဖန်တီးပေးရေးတို့ကို ဦးတည်ထားပါသည်။ ထို့အပြင် ပညာရေးတွင် အရေအတွက်မှ အရည်အသွေးသို့ ပြောင်းလဲဖြစ်ပေါ် လာစေရန်၊ အားလုံးအတွက် ဘဝတစ်လျှောက် အစဉ် လေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများကို ရရှိရန်၊ လေ့လာသင်ယူနိုင်မည့်အဖွဲ့ အစည်းနှင့် အခွင့်အလမ်းများကို ဖန်တီးပေးရန် လိုအပ်ပြီးပညာရေးတွင် ဗဟုသုတ (Knowledge)၊ အသိပညာ (Awareness)၊ ပညာရေးဆိုင်ရာ ချင့်ချိန်ဆုံးဖြတ်ခြင်း (Education Assessment)

နှင့် အင်တာနက်ဆိုင်ရာ ချင့်ချိန်ဆုံးဖြတ်ခြင်း (Internet Assessment) စသည်ဖြင့် အကျုံးဝင်ပတ် သက်နေသည် အထိ ကျယ်ပြန့်ပါသည်။

**ပန်းတိုင် ၅**

ကျားမ တန်းတူညီမျှမှု ရရှိရေးနှင့် အမျိုးသမီးများ၊ အမျိုးသမီးငယ်များ အားလုံး စွမ်းပကား တိုးမြင့်စေရေးတွင် ရည်မှန်းချက် (၉)ခု ချမှတ်ပြီး အမျိုးသမီးများအား အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုတို့အား ဆန့်ကျင်၍ တန်းတူညီမျှ အခွင့်အရေးများပေးခြင်းတို့ကို လုပ်ဆောင်ပေးရာတွင် အမျိုးသမီးများ၊ မိန်းမငယ်များအားလုံး အလုပ်အကိုင် အခွင့်အလမ်းစသည်တို့တွင် ကျား၊ မ မခွဲခြားဘဲ တန်းတူညီမျှ အခွင့်အလမ်းရရှိစေရေးအပြင် အမျိုးသမီးများ နောက်ကျကျန်မနေစေဘဲ စွမ်းပကား တိုးမြှင့်နိုင်စေရေး စသည်တို့ကို ဦးတည်ထားပါသည်။

**ပန်းတိုင် ၆**

လူသား တိုင်း သန့်ရှင်းသော သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးနှင့် စဉ်ဆက် မပြတ်သော စီမံခန့်ခွဲမှု ဖြစ်ပေါ် စေရေးတွင်ရည်မှန်းချက် (၈) ခုချမှတ်ကာ ရေအရည်အသွေး မြှင့်တင်ပေးရေး၊ ဂေဟစနစ် ကာကွယ်စောင့်ရှောက်ရေး၊ ထိရောက်စွာ ရေအသုံးပြုနိုင်ရေး အတွက် စီမံခန့်ခွဲရေးစသည်တို့ကို အလေးပေးဆောင်ရွက်ရန် ဦးတည်ထားပါသည်။ ထို့အပြင် လူသားတိုင်း သောက်သုံးရေနှင့် မိလ္လာစနစ်ရရှိရေးဆောင်ရွက်ခြင်း၊ ယခုအခါ ရေအရင်းအမြစ် ရှားပါးလာသည့်အတွက် ရေနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုလိုအပ်ခြင်း၊ ရေသည် အသုံးပြုနိုင်ရုံသာမက သောက်သုံးနိုင်သည်အထိ စံမှီရန်လိုအပ်ခြင်း၊ အချို့သောဒေသများ၌ စံမမှီသည့် ရေများအား သောက်သုံး နေရခြင်းစသည်တို့အပေါ် စီမံခန့်ခွဲရန် ဦးတည်ထားပါသည်။

**ပန်းတိုင် ၇**

လူသားတိုင်း တတ်နိုင်သော၊ စိတ်ချရသော၊ ရေရှည်တည်တံ့ ခိုင်မြဲသော ခေတ်မီစွမ်းအင်ရရှိရေးတွင် ရည်မှန်းချက် (၅) ခု ချမှတ်၍ အားလုံး လက်လှမ်းမီသည့် ခေတ်မီ စွမ်းအင် ရရှိနိုင်ရေး၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်နှင့် စွမ်းအင်အကျိုးပြုမှုမြှင့်တင်ရေး၊ ထိုသို့ လုပ်ဆောင်နိုင်စေရန်အတွက် အခြေခံဆောက်အအုံများ တိုးချဲ့ရေးနှင့် နည်းပညာရပ်များမြှင့်တင်ရေးတို့ ဦးတည်ထားပါသည်။ ထို့အပြင် လူတိုင်းအတွက် စွမ်းအင်သုံးစွဲမှု၊ လျှပ်စစ်သုံးစွဲမှုစသည်ဖြင့် လိုအပ်ခြင်း၊ ရရှိမှုအခွင့်အလမ်း ချင်း၊ အခွင့်အရေးချင်းတူညီမှုမရှိခြင်း၊ လူသားတိုင်း အတွက် ခေတ်မီ စွမ်းအင်ရရှိသုံးစွဲနိုင်ရန် ဖန်တီးပေးရန် လိုအပ်ခြင်းစသည်တို့အပေါ် ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဦးတည်ထားပါသည်။

**ပန်းတိုင် ၈**

စဉ်ဆက်မပြတ်နှင့် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေးဖွံ့ဖြိုးမှု တိုးတက်စေရေး၊ လုပ်သားပြည့် အလုပ်အကိုင်ရရှိရေးနှင့် အားလုံးအတွက် ထုတ်လုပ်နိုင်စွမ်းရှိ၍ သင့်တင့်လျောက်ပတ်သော အလုပ်အကိုင် တိုးတက်ဖြစ်ပေါ် ရရှိစေရေးတွင် ရည်မှန်းချက် (၁၂)ခု ချမှတ်ထားရာ စီးပွားရေးတိုးတက်မှုနှင့် စဉ်ဆက်မပြတ် ကုန်ထုတ်စွမ်းအားတိုးတက်ရေး၊ လုပ်သားပြည့်အလုပ် အကိုင်ရရှိစေရေးနှင့် အားလုံးအတွက် သင့်တင့်လျှောက် ပတ်သည့် အလုပ်အကိုင်များ ပေါ်ထွန်းစေရေး၊ ကလေး လုပ်သား၊ လူကုန်ကူးမှုနှင့် ခေတ်သစ်ကျွန်ပြုမှု ပပျောက် စေရေးတို့ကို အလေးပေး ဆောင်ရွက်နိုင်သည့်အပြင် လုပ်သား အခွင့်အရေး ခံစားရရှိစေရေးနှင့် ဘဏ်စနစ်၊ အာမခံနှင့် ငွေကြေးဝန်ဆောင်မှုတို့ကိုပါ ချဲ့ထွင်နိုင်ရေး စသည်ဖြင့် ဦးတည်ထားပါသည်။ ထို့အပြင် စဉ်ဆက် မပြတ် အားလုံးပါဝင်နိုင်သည့် ရေရှည်စီးပွားရေး ဖွံ့ဖြိုး တိုးတက်ရေးအတွက် အခွင့်အလမ်းများ ဖန်တီးပေးရမည် ဖြစ်ပြီး အလုပ်လုပ်ကိုင်နိုင်သည့် အရွယ်အားလုံး လုပ်သား ပြည့် အလုပ်အကိုင် ရရှိနိုင်မှသာ အိမ်ထောင်စုဝင်ငွေများ မြင့်မားလာမည်ဖြစ်ခြင်း၊ အလုပ်အကိုင်မရှိပါက လုပ်အား ပြုန်းတီးမှု (labour waste)ကို ဖြစ်စေနိုင်ခြင်း၊ အလုပ် အကိုင် ဖန်တီးပေးသည့်အခါတွင်လည်း 3D (Dangerous, Difficult, Dirty) မှ လွတ်ကင်းသည့် သင့်တင့်လျှောက်ပတ် သည့် အလုပ်အကိုင်များ (decent work)ကို ဖန်တီးပေးနိုင် ရမည့်အပြင် လုပ်သားအခွင့်အရေးများ ခံစားရရှိနိုင်ရန် လည်း လိုအပ်ခြင်းစသည် တို့ကိုလည်း ဖန်တီးပေးရမည် ဖြစ်ပါသည်။

**ပန်းတိုင် ၉**

ကြံ့ခိုင်သော အခြေခံ အဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုထူထောင်ခြင်းနှင့် တီထွင်ဆန်းသစ်မှုများအား အားပေးမြှင့်တင်ရေးတွင် ရည်မှန်းချက် (၈)ခု ချမှတ်ကာ စက်မှုထွန်းကားရေး၊ ရေရှည်တည်တံ့နိုင်သည့် အရည်အသွေးရှိသော အခြေခံအဆောက်အအုံများ တိုးတက်စေရေး၊ အသေးစားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး၊ သိပ္ပံနှင့်နည်းပညာ ဖွံ့ဖြိုးမှုတိုးတက်စေရေးတို့ကို ဦးတည်ပါသည်။ ထို့အပြင် အစိုးရအဖွဲ့ အစည်းများသာမက ပြင်ပအဖွဲ့အစည်းများ အားလုံးလည်း ပါဝင်ရန် လိုအပ်ခြင်း၊ အရည်အသွေးရှိပြည့်ဝသော ကြံ့ခိုင်သည့် အခြေခံအဆောက်အအုံများ တည်ဆောက်ခြင်း၊ အားလုံး အကျုံးဝင်ပြီး ရေရှည်တည်တံ့သည့် စက်မှုကဏ္ဍတည်ဆောက်ခြင်း၊ တီထွင်ဆန်းသစ်မှုများအား အားပေး မြှင့်တင်ခြင်းတို့အပြင် သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းပြီးသားဖြစ်စေရန်အတွက် စက်ရုံအလုပ်ရုံများမှ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်ခြင်း၊ ပြန်လည်အသုံးပြုနိုင်ရန် ဆောင်ရွက် ခြင်းတို့အား စနစ်တကျ ဆောင်ရွက်ရန် ဦးတည်ထားပါသည်။

**ပန်းတိုင် ၁၀**

နိုင်ငံတွင်းနှင့် နိုင်ငံများအကြား မညီမျှမှုလျှော့ချရေးတွင် ရည်မှန်းချက် (၁၀) ခုချမှတ်၍ ဝင်ငွေစဉ်ဆက်မပြတ် တိုးတက်လာစေရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စွမ်းရည်များ မြှင့်တင်ရေး၊ တန်းတူညီမျှ အခွင့်အလမ်းရရှိစေရေး၊ ငွေကြေးလုပ်ခ လစာနှင့်ပတ်သက်သည့် မူဝါဒများချမှတ်ရေး၊ ရွှေ့ပြောင်းမှုနှင့် လှည့်လည်နေထိုင်ခြင်းတို့အား ဘေးကင်းစွာ ပုံမှန်တာဝန်ယူ မှုရှိရန် အထောက်အကူပြုပေးရေးတို့ကို ဦးတည်ထားပါသည်။ ထို့အပြင် မညီမျှမှုကို လျှော့ကျစေရေး၊ သယံဇာတများအား မျှတထိရောက်စွာခွဲဝေပေးနိုင်စေရေး၊ ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ချိတ်ဆက်မှုများရှိရေးစသည့် ကိစ္စရပ်များသည် အရေးကြီးသော ဦးတည်ချက်များဖြစ်ပါသည်။

**ပန်းတိုင် ၁၁**

အားလုံးအကျုံးဝင်ပြီး လုံခြုံစိတ်ချစွာဖြင့် ကြံ့ခိုင်ပြီး ရေရှည် စဉ်ဆက်မပြတ် တိုးတက်မှုကို ဖြစ်စေမည့် မြို့ပြများနှင့် အခြေချ နေထိုင်မှု များဖြစ်ပေါ် စေရေးတွင် ရည်မှန်းချက် (၁၀)ခု ချမှတ်ထားပြီး ရေရှည်တည်တံ့သည့် မြို့များနှင့် အသိုက်အဝန်းများ ဖြစ်ပေါ် စေရေးအတွက် မြို့ပြများတွင် လူတိုင်းလက်လှမ်းမီသည့် အိမ်ရာများနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုကိုတည်ထောင်ပေးရေး၊ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို လျှော့ပါးစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို ခံနိုင်ရည်ရှိစေရန် စီမံချက်များနှင့် မူဝါဒများ ချမှတ်ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန် ဦးတည်ထားပါသည်။ ထို့ပြင် မြို့ပြများထူထောင်ရာတွင် လူများအခြေချ နေထိုင်ရန်အတွက် လုံခြုံစိတ်ချရပြီး ရေရှည်ခိုင်ခံ့သည့် အနေအထားမျိုးဖြစ်ရန်လိုအပ်ခြင်း၊ အိုးမဲ့အိမ်မဲ့များ အခြေချ ထူထောင်နိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ရန် လိုအပ်ခြင်းနှင့် အမှိုက်ပစ်သည့်စနစ်မှအစ စနစ်တကျ ထူထောင်ရန် လိုအပ်ခြင်းစသည်တို့ကိုလည်း အဓိကထား ဦးတည်ထားပါသည်။

**ပန်းတိုင် ၁၂**

ရေရှည်တည်တံ့စေမည့် စားသုံးခြင်းနှင့် ထုတ်လုပ်ခြင်းပုံစံများ ဖြစ်ပေါ် စေရေး တွင်ရည်မှန်းချက် (၁၁) ခု ထားရှိ၍ စီးပွားရေး တိုးတက်မှုနှင့် စီးပွားရေးအရ တွက်ခြေကိုက်မှုရှိစေရန် သယံဇာတများကို ခွဲဝေရာတွင် ထိရောက်သော စီမံခန့်ခွဲမှု လိုအပ်ခြင်း၊ စားသုံးမှုနှင့် ထုတ်လုပ်မှုလုပ်ငန်းစဉ်စီမံကိန်းများ ချမှတ်ခြင်းတို့သည် အရေးကြီးသော ဦးတည်ချက်များဖြစ်ပါသည်။ ထို့အပြင် စားသုံးမှုပုံစံ (consumption pattern)၊ အလေအလွင့် နည်းစေသောစနစ်ဖြင့် ထုတ်လုပ်မှုပုံစံ (productionpattern)၊ စားသုံးနိုင်သည့် အဆင့်ထိ ရောက်ရှိစေရန် အတွက် အသုံးပြုသည့် အရာများကို ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်အပြင် အသုံးပြုရသည့်လုပ်အားကိုပါ ထည့်သွင်းစဉ်းစားတွက်ချက်ရန် လိုအပ်ခြင်း၊ ထုတ်လုပ်မှုတွင်လည်း ရေရှည်ထုတ်လုပ်စားသုံးနိုင်ရန်နှင့် နောက်ဆက်တွဲ အကျိုးဆက်များကိုပါ စဉ်းစား၍ လုပ်ဆောင်ရမှာဖြစ်သည့်အတွက် ဆင်ခြင်ဖွယ်ရာများစွာ ရှိနေခြင်းတို့ကို အလေးထား ဆောင်ရွက်ရန် ဖြစ်ပါသည်။



**ပန်းတိုင် ၁၃**

ရာသီဥတုပြောင်းလဲခြင်းနှင့် ၎င်း၏အကျိုးသက်ရောက်မှုများကို လျော့ပါးစေရေးအတွက် အရေးကြီးလုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရေးတွင် ရည်မှန်းချက် (၅)ခု ချမှတ်ထားပြီး ရာသီဥတုပြောင်းလဲမှုကိုတိုင်းတာရန် နိုင်ငံလုံးဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများ ချမှတ်ရေးနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် မီးလောင်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခြင်းတို့ကို ဖြစ်ပေါ်စေသည့်အတွက် ရာသီဥတုကို ထိန်းသိမ်းရန်အတွက် လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရေးသည် လွန်စွာ အရေးကြီးပါသည်။

**ပန်းတိုင် ၁၄**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုဖြစ်ပေါ်စေရန် ပင်လယ်၊ သမုဒ္ဒရာနှင့် ရေသယံဇာတများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးတွင် ရည်မှန်းချက် (၁၁)ခု ချမှတ်ကာ ရေထုညစ်ညမ်းမှုလျှော့ချရေး၊ ကာကွယ်ထားသည့် ရေပိုင်နက်တိုးချဲ့ရေး၊ တရားမဝင် ငါးဖမ်းမှုများနှင့် အလွန်အကျွံငါးဖမ်းမှုများကို ဖယ်ရှားရေးကို အဓိကဦးတည် ထားပါသည်။ ထို့အပြင် စီးပွားရေးအတွက် ပင်လယ်၊ သမုဒ္ဒရာများအား အသုံးပြုသော သင်္ဘောပိုင်သည့် နိုင်ငံများစွာရှိခြင်း၊ ၎င်းတို့မှာ အသုံးပြုရာတွင် စနစ်တကျ အသုံးမပြုသည့်အတွက် စက်ဆီ၊ အညစ်အကြေးစသည်တို့ကြောင့် ရေထုညစ်ညမ်းလာပြီး နောက်ဆက်တွဲအနေဖြင့် သတ္တဝါများ သေကြေပျက်စီးကြခြင်းနှင့် အလွန်အကျွံ ထုတ်ယူသုံးစွဲခြင်းတို့ကြောင့် ရေရှည်သုံးစွဲနိုင်ရန်အတွက် အခက်အခဲဖြစ်လာခြင်းတို့ကို ထိန်းသိမ်းစောင့်ရှောက်ဆောင်ရွက်နိုင်ရေးကို ဦးတည်ထားပါသည်။

**ပန်းတိုင် ၁၅**

ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်အား ကာကွယ်ထိန်းသိမ်းပြီး ရေရှည် တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများ ရေရှည်တည်တံ့စေရန် စီမံခန့်ခွဲရေး၊ သဲကန္တာရများ ဖြစ်ပေါ်စေမှုအား ပပျောက်စေရေး၊ မြေယာပြန်းတီး ယိုယွင်းပျက်စီးမှုရပ်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲ ပြန်းတီး မှုရပ်တံ့စေရေးတွင် ရည်မှန်းချက် (၁၂)ခု ချမှတ်ပြီး ကုန်းနေသတ္တဝါများအတွက် သစ်တောများကို ကာကွယ်ထိန်းသိမ်းရေး၊ မျိုးစိတ်များကို ကာကွယ်ရေး၊ တောရိုင်းတိရိစ္ဆာန်များအား တရားမဝင် ရောင်းဝယ်ခြင်းများကို တိုက်ဖျက်ရေးတို့ကို အဓိကထား လုပ်ဆောင်သွားရန် ဦးတည်ထားပါသည်။ ထို့အပြင် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေး၊ ကမ္ဘာလုံးဆိုင်ရာ ဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်း၍ ရေရှည်တည်တံ့အောင် အသုံးပြုရေး၊ သစ်တောများရေရှည်တည်တံ့စေရန်အတွက် စီမံခန့်ခွဲရေး၊ သဲကန္တာရဖြစ်ပေါ်စေမှုများကို ပပျောက်စေရေး၊ မြေယာပျက်စီး ပြုန်းတီးမှုရပ်တန့်စေရေး၊ ဇီဝမျိုးစိတ်မျိုးကွဲများ ပြုန်းတီးမှုရပ်တန့်စေရေး၊ ဥပမာအားဖြင့် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်းတွင် မီးရှို့ခြင်းနှင့် ပတ်သက်၍ မြေဆီလွှာအပေါ် ယံလွှာကို ပြုန်းတီးစေနိုင်သဖြင့် ရိုးရာ လုပ်ထုံးလုပ်နည်းများကို ပြောင်းလဲလာစေရန် အစားထိုးစိုက်ပျိုးရေးစနစ် ပြုပြင်ရေးစသည်တို့ကို စီမံခန့်ခွဲရန် ဦးတည်ထားပါသည်။

**ပန်းတိုင် ၁၆**

စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ အားလုံးအတွက် တရားမျှတမှုဖြစ်ပေါ်စေရေးနှင့် အဆင့်တိုင်း၌ ထိရောက်၍ တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော၊ လူတိုင်း အကျုံးဝင်သည့် အဖွဲ့အစည်းများ ထူထောင်ရေး

တွင် ရည်မှန်းချက်(၁၂)ခု ချမှတ်ကာ အဓိကရှုထောင့်များအနေဖြင့် အကျင့်ပျက်ချစားမှု၊ လာဘ်ပေး လာဘ်ယူမှု၊ ဘဏ္ဍာငွေ ယိုစီးမှုတို့ကို ဦးတည်ထားပါသည်။ ထို့အပြင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရန်၊ အားလုံးဖွံ့ဖြိုး တိုးတက်မှုတွင် နောက်ကျန်မနေခဲ့ရလေအောင် ဆောင်ရွက်ရန်၊ တရားမျှတမှုရှိစေရန်နှင့် အဖွဲ့အစည်းများအား ထူထောင်ရာအဆင့်တိုင်းတွင် လုပ်ထုံးလုပ်နည်းနှင့်အညီ လည်ပတ်နိုင်စေရန် ဆောင်ရွက်ချက်များကို အလေးပေး ဦးတည်ထားပါသည်။

**ပန်းတိုင် ၁၇**

အကောင်အထည် ဖော်ဆောင်မှုအား ဖြစ်ပေါ်စေမည့် အထောက်အပံ့များအား ကောင်းစေခြင်းနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ရှင်သန်အားကောင်းစေရေးတွင် ရည်မှန်းချက် (၁၉)ခု ချမှတ်ပြီး ငြိမ်းချမ်းရေး၊ တရားမျှတမှုနှင့် အဖွဲ့အစည်းဆိုင်ရာ ခိုင်မာတောင့်တင်းမှုတို့ကို ရည်ရွယ်ကာ အလေးပေးလုပ်ဆောင်သွားရေး၊ ညွှန်ကိန်းအားလုံးကို လေ့လာကာ အဓိကရည်ရွယ်ချက်များကို ပန်းတိုင်တစ်ခုချင်းစီမှ ရွေးထုတ်သွားရေး၊ စာရင်းအင်းဆိုင်ရာ အချက်အလက်များရရှိရေးစသည့် လိုအပ်ချက်များကို ဦးတည်ထားပါသည်။ ထို့အပြင် နိုင်ငံနှစ်နိုင်ငံအကြား၊ နိုင်ငံများအကြား ပူးပေါင်း အကောင်အထည်ဖော်ရာတွင် ထိရောက်မှု ရှိ၊ မရှိကို အညွှန်းကိန်းများဖြင့် တိုင်းတာနိုင်ရန်၊ အထောက်အပံ့များ ရှင်သန်အား ကောင်းစေရန်အတွက်ထိရောက်သောပံ့ပိုးကူညီမှု (Aid Effectiveness) ဖြစ်စေရန် ပိုမို ကောင်း မွန်စေသည့် နည်းလမ်းများကို ဦးတည်ထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် အခြားနိုင်ငံများကဲ့သို့ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များအား အမျိုးသားအဆင့်မူဝါဒ မူဘောင်နှင့် အစိုးရ၏ စီမံကိန်းများ၌ ထည့်သွင်းပေါင်းစပ်ရာတွင် ဒေသတွင်း (Regional)နှင့် ကမ္ဘာ့ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ် (Global Development Agenda) တို့နှင့် ကိုက်ညီမှုရှိစေရန် ပေါင်းစည်းလုပ်ကိုင်သွားရမည်ဖြစ်ပါသည်။ သာတူညီမျှ အားလုံးပါဝင်နိုင်မှုနှင့် ရေရှည်တည်တံ့သော စီးပွားရေးတိုးတက်မှု ဖြစ်ပေါ်စေရန် အကျပ်အတည်း အခက်အခဲများ၊ ထပ်မံ ဖြစ်ပေါ်လာနိုင်သည့် စိန်ခေါ်မှုများနှင့် ရာသီဥတု ပြောင်းလဲမှု၏ အကျိုးသက်ရောက်မှုတို့ကို ဖြေရှင်းနိုင်မည့် အခြေအနေကို မဖြစ်မနေတည်ထောင်ရန်၊ မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ အကောင် အထည်ဖော်ဆောင်ရွက်ခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့အတွက် စာရင်း အင်းအချက်အလက်များ မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး တိုးတက်ရန် လိုအပ်ပါသည်။ Data မှန်ကန်မှုမရှိပါက ချမှတ်သည့်မူဝါဒများ၊ ဆုံးဖြတ်ချက်များလည်း မှန်ကန်ခြင်းမရှိဘဲ မှားယွင်းသော စီမံကိန်းများဖြစ်လာနိုင်ပါသည်။ ပိုမိုကောင်းမွန်သော စာရင်းအင်းမှသည် ပိုမို ကောင်းမွန်သော ဆုံးဖြတ်ချက်များ၊ ပိုမိုကောင်းမွန်သည့် မူဝါဒများချမှတ်နိုင်ပြီး စောင့်ကြည့်လေ့လာအကဲဖြတ် နိုင်ခြင်းဖြင့် ပိုမိုကောင်းမွန်သော စီမံကိန်းများဖြစ်ပေါ်လာမည် (better data, better decision, better policy, better plan, better monitoring and evaluating) ဖြစ်ပြီး လာမည့်မျိုးဆက်သစ်များအတွက် ပိုမိုကောင်းမွန်သည့်ဘဝများကို တည်ဆောက် ပေးနိုင်မည် ဖြစ်ပါကြောင်း သိကောင်းစရာဗဟုသုတအနေဖြင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

(SDGs ညွှန်ကိန်းများကို Inter-Agency and Expert Group rS http:// unstats. un.org/unsd/statcom/47th-session/documents/2016-2-IAEG-SDGs-Rev1-E.pdf ဖြင့် အစီရင်ခံစာဖော်ပြထားပြီး SDGs နှင့် ပတ်သက်သည့် အခြားသိလိုသည်များကိုလည်း http:// unstats.un.org/sdgs/ နှင့် http://unstats.un.org/sdgs/iaeg-sdgs တို့တွင် လေ့လာ ကြည့်ရှုနိုင်ပြီး အခြားအရေးကြီးသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ တွက်ချက်နည်း စသည်တို့ကို သေချာစွာသိရှိစေရန် Metadata File ကို http://unstats.un.org/sdgs/iaeg-sdgs/metadata-compilation တွင် ရှာဖွေရယူနိုင်ပါသည်။ ၎င်း website Link များနှင့် အထက်ပါဖော်ပြခဲ့သည့် SDGs အလုပ်ရုံဆွေးနွေးပွဲများမှ ကောက်နှုတ်ရေးသားတင်ပြခြင်းဖြစ်ပါသည်။)